ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့ (10-1-2012) (၇၀၀၀)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုလွှတ်တော်က ကြေညာချက်အမှတ်(၁/၂၀၁၂) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်

ကြေညာချက်အမှတ်(၁/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိ

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ထိုင်းနိုင်ငံ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့် ဇနီး၊ Lieutenant General Attanop Sirisak နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိန်းနှင့် ဇနီး ဒေါ်ခင်ထွေးရီ၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမောင်နှင့် ဇနီး ဒေါ်မြင့်မြင့်ကြည်နှင့် တာဝန်ရှိသူများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Dusit Thani Hotel သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ဗန်ကောက်မြို့ Grand Palace သို့ သွားရောက်လေ့လာကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မြဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ Ananta Samakhon Throne ခန်းမသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ သံရုံးဝန်ထမ်းများနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပညာတော်သင် မြန်မာကျောင်းသားများအား တွေ့ဆုံ၍ ဩဝါဒစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဩဝါဒစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်နေသော အခြေအနေများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

သဘာဝဓာတ်ငွေ့တူးဖော်သော နည်းစနစ်ကြောင့် အမေရိကန်၌ မြေငလျင်လှုပ်မှုများ ဖြစ်ပေါ်ခဲ့

ဘာသာပြန် - သတင်းလုလင်

ဝါရှင်တန် ဇန်နဝါရီ ၉

အမေရိကန်နိုင်ငံ၌ သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရာ၌ အသုံးပြုသော နည်းစနစ်တစ်ရပ်၏ တိုက်ရိုက်အကျိုးဆက်အဖြစ် မကြာသေးမီက အိုဟိုင်းယိုးပြည်နယ်နှင့် အိုကလာဟိုးမားပြည်နယ်တို့တွင် မြေငလျင်လှုပ်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

အိုဟိုင်းယိုးနှင့် အိုကလာဟိုးမားပြည်နယ်တို့၌ လွန်ခဲ့သည့်နှစ်က မြေငလျင်ငယ်အများအပြား လှုပ်ခဲ့ရခြင်းမှာ သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်သောလုပ်ငန်းနှင့် Hydraulic Fracturing ဟုခေါ်တွင်သော နည်းစဉ်တစ်ရပ်ကို အသုံးပြုခြင်းကြောင့် ဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒလေ့လာရေးဌာနမှ သိပ္ပံပညာရှင် အတ်မက်ဂါးက ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

ကြေးမုံစာတည်းရှုထောင့် 　　　　　　　　　　　　　　　　　　　　၁၀-၁-၂၀၁၂[အင်္ဂါနေ့]။

မြင်ကွင်းတစ်ခု ရှုထောင့်များစွာ

ငှက်တစ်ကောင်လို ကောင်းကင်မှာ ပျံသန်းရင်း မြေပြင်သို့ ငုံ့ကြည့်လျှင် လှပသောမြင်ကွင်းများကို မြင်တွေ့ရမည်ဖြစ်သည်။ စိမ်းလန်းသောသစ်တောများနှင့် ဥယျာဉ်များ၊ ဝါရွှေဝင်းမှည့်နေသော စပါးခင်းများနှင့် သီးနှံစိုက်ခင်းများ၊ တောင်ကုန်း တောင်တန်း မြစ်ချောင်းများနှင့် ကျေးလက်မြို့ပြ လူနေအိမ်ခြေများစသည်တို့က အခင်းလိုက်၊ အကွက်လိုက်၊ တစ်ကန့်စီ တစ်ကန့်စီ အစီအရီ အရောင်စုံစွာ လှပနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုရှုခင်းကိုပင် မြေပြင်သို့ ဆင်းကြည့်သောအခါ မူလမြင်ကွင်းနှင့် ကွဲပြားခြားနားသော အခြေအနေများကိုတွေ့ရလိမ့်မည်။ သည့်ထက်ပို၍ အသေးစိတ်ကြည့်မည်ဆိုလျှင်၊ သည့်ထက်ပို၍ ထဲထဲဝင်ဝင်ကြည့်မည်ဆိုလျှင် မူလက လုံးဝမြင်မထားသည့်အရာများ၊ မူလက လုံးဝထင်မထားသည့် လုံးလုံးလျားလျားဆန့်ကျင်နေမှုများ စသည်တို့ကိုပင် တွေ့မြင်လာရဖွယ်ရှိသည်။

လုပ်ငန်းအဖွဲ့အစည်းတစ်ခု (သို့မဟုတ်) လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်တာများအတွက် အရေးပါသောဆုံးဖြတ်ချက်များကို ချမှတ်ပေးရမည့်နေရာတွင်ရှိနေသူ (decision-maker) များအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုမီ ထောင့်ပေါင်းစုံမှ လုံလောက်သော လေ့လာသုံးသပ်မှုများ ပြုလုပ်ရန် လိုအပ်မည် ဖြစ်သည်။ ရေတိုရေရှည်တွင် ရလာမည့် အကျိုးရလဒ်များကိုသာမက ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများကိုပါ စဉ်းစားတွက်ချက်ပြီးမှ ဆုံးဖြတ်ချက်ချမှတ်ရန် သင့်မည် ဖြစ်သည်။ ကောင်းကင်မှ ကြည့်လျှင် လှပနေသောမြင်ကွင်းက မြေပြင်ညီတွင် ကွဲပြားခြားနားနေတတ်သည့်ဥပမာကဲ့သို့ပင် ဖြစ်သည်။

စီးပွားရေးလောကတွင် ပြောလေ့ရှိသော ပုံပြင်လေးတစ်ပုဒ်မှာ ဤကဲ့သို့ဖြစ်သည်-

တစ်ခါသော် မြို့သို့သွားမည့် ရွာသားတစ်ဦးကို တစ်ရွာတည်းနေ နဲ့ဆရာက "နဲ့လျှာခင်"တစ်ခု ဝယ်လာပေးပါရန် လမ်းကြုံမှာပြီး အကူအညီတောင်းသည်။ နဲ့လျှာခင်အတွက် ကျသင့်မည့်ငွေတစ်ဆယ်ကိုလည်း တစ်ခါတည်း ထုတ်ပေးလိုက်သည်။

ရွာသားသည် မြို့သို့ ရောက်သောအခါ ကိုယ့်ကိစ္စများ ကိုယ်လုပ်ရင်း နဲ့ဆရာမှာလိုက်သည့်ပစ္စည်းကို ရှာဖွေဝယ်ယူရာ တစ်ခုမှ တစ်ကျပ်သာ ကျသင့်သည်ကို သိလိုက်ရသည်။ ရွာမှာ တစ်ခုလျှင် တစ်ဆယ်တန်သော နဲ့လျှာခင်၏ မြို့ပေါက်ဈေးမှာ တစ်ကျပ်မျှသာ။ ငွေတစ်ကျပ်ရင်းလျှင် ကိုးကျပ်မြတ်နေပြီဟု ယူဆကာ ကျန်သမျှငွေများဖြင့် နဲ့လျှာခင်များကို သိမ်းကျုံးဝယ်ယူပြီး ရွာကို ပြန်သွားတော့၏။

အကျိုးအမြတ်ကို သူတွက်ချက်ခဲ့သော်လည်း သူမတွက်ခဲ့သော အချက်မှာ ရွာတွင် နဲ့မှုတ်သူဘယ်နှယောက်ရှိနိုင်သလဲဟူသော အချက်ပင် ဖြစ်ပါသည်။

၁၉၃၆ ခုနှစ်က အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုမြစ်ပေါ်တွင် ဟူးဗားဟု အမည်ရှိသော ဧရာမဆည်ကြီးတစ်ခုကို ဖွင့်လှစ်ခဲ့သည်။ စိုက်ပျိုးရေရရှိရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ဖြစ်သည်။ မူလက တွက်ချက်ခဲ့သည့် အကျိုးကျေးဇူးများအပြင် ဆန့်ကျင်ဘက် အကျိုးများကိုလည်း နောင်အခါထပ်မံတွေ့လာရသည်။ ဆည်အတွက် သတ်မှတ်ထားသောရေမှတ် ရောက်သည်အထိ ခြောက်နှစ်ကြာအောင် ရေစုခဲ့ရရာ ကိုလိုရာဒိုမြစ်ဝမှ အတွင်းသို့ မိုင် ၄၀ ခန့်အထိ ရေချိုရေငန်ရောနှောဇုန် ဖြစ်ပေါ်ခဲ့ပြီး အပင်များနှင့် သတ္တဝါများအပါအဝင် ပတ်ဝန်းကျင် သက်ရောက်မှုများ ရှိခဲ့သည်။

အဆိုပါမြစ်အတွင်း နေရင်းအဖြစ်ရှင်သန်ပေါက်ဖွားကြသည့် ငါးမျိုးစိတ်အချို့ မျိုးသုဉ်းမည့်စာရင်းဝင်သွားခဲ့သည်။ သဘာဝရေလွှမ်းမိုးမှုများကြောင့် မြစ်ဝှမ်းဒေသတစ်လျှောက် နုန်းတင်မြေနုများဖြစ်ပေါ်ပြီး မြေဩဇာထက်သန်ခဲ့သောဒေသများမှာ ဆည်ကြီးတည်ဆောက်ပြီးနောက် ရေလွှမ်းမိုးမှုကင်းဝေးခဲ့သလို မြေဩဇာထက်သန်မှုမှာလည်း ကျဆင်းသွားခဲ့ရတော့၏။ ဤသည်မှာ မည်သည့်လုပ်ငန်းကိုလုပ်လုပ် ရှုထောင့်ပေါင်းစုံမှ လေ့လာရန် လိုအပ်သည်ဆိုသည့် ဥပမာများအနက်မှတစ်ခုပင် ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဒိန်းမတ်ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H. E. Mr. Christian Friis Bach ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၆။ အင်္ဂလိပ်စာသုတ
- ၄း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ ၈။ သတိနဲ့တိုးမည့်ပိုးဖလံများ
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင်(အပိုင်း-၇၀)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ Guide For You
- ၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ (အပိုင်း-၄၀)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ မွေးမြူသုတ
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ သီချင်းလက်ဆောင်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီးချစ်(အပိုင်း-၃)**
- ၂၆။ Mini Series

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက် တို့တွင် ရန်ကုန်မြို့ အလုံမြို့နယ် အလုံသင်္ဘောကျင်းဧရာခန်းမ၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာဆက်အောင်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာချာလီသန်း၊ ဒုတိယအထွေထွေ မန်နေဂျာ (အင်ဂျင်နီယာ)(ငြိမ်း)ဦးထွန်းမြင့်၊ မြစ်တွင်းသွားရေယာဉ်များအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်၊ လက်ထောက်အထွေထွေ မန်နေဂျာ(ပို့ဆောင်ရေး)(ငြိမ်း) ဦးဝင်းရွှေနှင့် ပြင်ပစီးပွားရေးလုပ်ငန်းရှင် ဦးစိုးမင်းတို့က စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က စာတမ်းများကို သုံးသပ်တင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၇၉၄၃	၀. ၀၃၁၄၅
တရုတ် (ယွမ်)	၆. ၃၁၄၄၀	၀. ၁၅၈၃၇
အိန္ဒိယ (ရူပီး)	၅၂. ၅၂၅၀	၀. ၀၁၉၀၄
မလေးရှား (ရင်းဂစ်)	၃. ၁၅၂၀၀	၀. ၃၁၇၂၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၇၂၃	၀. ၇၇၀၈၇
ဂျပန် (ယန်း)	၇၆. ၈၆၈၇	၀. ၀၁၃၀၁
တောင်ကိုရီးယား(ဝမ်)	၁၁၆၀. ၅၀	၀. ၀၀၀၈၆
ယူရို	၀. ၇၈၅၃၈	၁. ၂၇၃၂၆
ဗြိတိသျှ (ပေါင်)	၀. ၆၄၇၄၃	၁. ၅၄၄၅၇

အင်တာနက်။

မော်လမြိုင်မြို့ အထက(၉) ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မော်လမြိုင်မြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း ဦးသာညွှင်းမွှေရုံ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါက်တာလှလှမော်က အမှာစကားပြောကြားပြီး ဘက်စုံထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူ ၇၅ ဦးတို့အား ကျောင်းအုပ်ကြီး၊ မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြသည်။**(ဝဲပုံ)**

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ပညာရေးစုံညီပွဲတော် အစီအစဉ်များ၊ အဆိုအက၊ အနုပညာတင်ဆက်မှု အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် သိရှိလိုက်နာရန်အချက်များ

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် (၁၆-၁-၂၀၁၂)ရက်မှ (၃၁-၁-၂၀၁၂)ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ကြပြီဖြစ်ရာ ဥပဒေအရ သိရှိလိုက်နာရမည့်အချက်များကို အောက်ပါအတိုင်း အသိပေးနှိုးဆော်လိုက်ပါသည်-

(က) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈ အရ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါသည်။

(ခ) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀ နှင့် ငြိစွန်းနေသော ပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရပါ။

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိဝင်ရောက်ယှဉ်ပြိုင်လိုသည့် မဲဆန္ဒနယ်နှင့် အကျုံးဝင်သည့် နေပြည်တော်(သို့မဟုတ်)သက်ဆိုင်ရာခရိုင်(သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ၌ စာရင်းသွင်းရပါမည်။[နည်း ၁၈ (က)]

(ဃ) ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေးကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းရမည်ဖြစ်ပြီး ငွေစာရင်းအမှတ်မှာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ငွေစာရင်းအမှတ်ဖြစ်သည်။[နည်း ၁၈(ဂ)]

(င) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ပါရှိရမည့်စာရွက်စာတမ်းများမှာ-

- (၁) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာပုံစံ (၆)မူရင်းနှစ်စုံ(တရားသူကြီး ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် လက်မှတ်မှန်ကန်ကြောင်း သက်သေခံစာအပါအဝင်)၊
- (၂) ကော်မရှင်က သတ်မှတ်သည့်အတိုင်း ပြုစုထားသည့် ကိုယ်ရေးမှတ်တမ်း နှစ်စောင်၊
- (၃) ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေး ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်း၊
- (၄) နိုင်ငံသားဖြစ်ကြောင်း သက်သေခံအထောက်အထားနှင့်
- (၅) ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးကိုဖြစ်စေ ခန့်ထားကြောင်း ပုံစံ(၇) သို့မဟုတ် ပုံစံ(၇-က) နှစ်စောင်တို့ဖြစ်ပါသည်။

မှတ်ချက်။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍တစ်ပြိုင်တည်း အမည်စာရင်း တင်သွင်းခွင့်မရှိပါ။[နည်း ၁၈(ဂ)]

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင်ပါရှိရေး

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်(၄၈)နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၁-၄-၂၀၁၂ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မူလမဲစာရင်းကိုအခြေခံပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော တိကျမှန်ကန်သည့် မဲစာရင်းများကို ပြုစုလျက်ရှိကြပါသည်။

ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။

ထို့ကြောင့် ဥပဒေပါသတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံပါက သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသဖြင့် မဲစာရင်းပြုစုရာတွင် မိမိအမည်မဲစာရင်း၌ ပါရှိစေရေးအတွက် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ပါတီများအနေဖြင့်လည်း မိမိတို့စည်းရုံးထားသည့် မဲဆန္ဒရှင်များ၏အမည်များကို သက်ဆိုင်ရာ မဲစာရင်းတွင် ပါရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရားဝင်ခရီးရောက်ရှိနေသည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့် အမေရိကန်နိုင်ငံ လူကုန်ကူးမှုစောင့်ကြည့်တိုက်ဖျက်ရေးရုံးမှ သံအမတ်ကြီး Mr. CdeBaca ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ တက်ရောက်ကြပြီး သံအမတ်ကြီး Mr. Derek Mitchell၊ သံအမတ်ကြီး Mr. CdeBaca တို့နှင့်အတူ ရန်ကုန်မြို့ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူနိုင်ငံမှအပ်နှံသော ရေယာဉ်တည်ဆောက်ရေးလုပ်ငန်း မကြာမီ စတင်ဆောင်ရွက်ရန်ရှိ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအတွက် ရေယာဉ်များကို လက်ခံတည်ဆောက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံ AMOE Pte., Ltd. မှ Length (OA)-79.2m၊ Length (BP)73.999 m၊ B(Moulded) -16 m၊ Depth(Moulded)-4.8 m၊ Draft(Design)-3.5 m ရှိသည့် Landing Craft Tank Vessel တစ်စင်း(အောက်ပုံ)**ကို International Classification Society တစ်ခုဖြစ်သော BUREAU VERITAS (BV)၏ စစ်ဆေးမှုကိုခံယူတည်ဆောက်ရန် ဇန်နဝါရီလအတွင်း စတင်တည်ဆောက်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရေယာဉ်အတွက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက တည်ဆောက်ရေးလက်ခ အမေရိကန်ဒေါ်လာ ၄၂၀၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။**

ရေယာဉ်တည်ဆောက်ရေးအတွက် လိုအပ်သော ပြည်ပမှတင်သွင်းရမည့်ပစ္စည်းများအားလုံးကို ပိုင်ရှင်က ပေးသွင်းမည်ဖြစ်ပြီး ရေယာဉ်တည်ဆောက်ရေးပစ္စည်းများ ပထမအသုတ်သည် “ကျောက်ဖြူ” သင်္ဘောခရီးစဉ်အမှတ် (EAL 32)ဖြင့် ပါရှိလာသည်ဖြစ်ရာ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများလည်း မကြာမီ စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ယခင်ကလည်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက စင်ကာပူနိုင်ငံ Meiwa Marine Pte.,Ltd. အတွက် ၃၈ မီတာ မီးသတ်နှင့် ပင်လယ်ပြင်ညစ်ညမ်းမှုထိန်းသိမ်းရေးရေယာဉ် တစ်စင်းနှင့် ညစ်ညမ်းဆီများ တင်ဆောင်ရန် ပေ ၁၀၀ ဆီတင်တွဲ တစ်စင်း၊ စင်ကာပူနိုင်ငံ Casey Marine Pte., Ltd .အတွက် ၂၉ မီတာ တွန်းဆွဲရေယာဉ် တစ်စင်း၊ စင်ကာပူနိုင်ငံ Java Marine Line Pte., Ltd. အတွက် ၅၆ မီတာ ကမ်းလွန်ရေနံရှာဖွေရေးထောက်ပံ့ရေးရေယာဉ် နှစ်စင်း၊ ၅၀ မီတာ စက်ယန္တရားတင်ရေယာဉ် တစ်စင်း၊ ၆၀ မီတာ စက်ယန္တရားတင် ရေယာဉ်တစ်စင်း၊ ပြင်သစ်နိုင်ငံ Corvette Shipping Pte., Ltd. အတွက် သံခွံကိုယ်ထည် ပင်လယ်ကူးအပျော်စီးရွက်လှေ တစ်စင်း၊ ထိုင်းနိုင်ငံ Moby Dick Co., Ltd. အတွက် ပင်လယ်ကူးအပျော်စီးရေယာဉ် တစ်စင်းတို့ကို International Classification Society များဖြစ်ကြသော Lloyd' s Register Of Shipping (LRS)၊ American Bureau Of Shipping(ABS) တို့၏ စစ်ဆေးမှုကိုခံယူ တည်ဆောက်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ထိုနည်းတူ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင်လည်း ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ရေယာဉ်အလျား ၁၅၈ မီတာအထိရှိ ရေယာဉ်ကြီးများကို International Classification Society များ၏ စစ်ဆေးမှုကိုခံယူပြီး လွန်းတင်ပြင်ဆင်ပေးလျက်ရှိသည်။

နိုင်ငံခြားမှ ရေယာဉ်များကို တည်ဆောက်ပြင်ဆင်ပေးခြင်းဖြင့် မြန်မာအင်ဂျင်နီယာများအတွက် ခေတ်မီစက်ပစ္စည်းကိရိယာများတပ်ဆင်ရေး အတွေ့အကြုံများကို ရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေယာဉ်စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုကို ခံယူပြီး တည်ဆောက်ပြင်ဆင်ရသည့်အတွက် အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများ၏ အရည်အသွေးနှင့် လုပ်ငန်းအတွေ့အကြုံ တိုးတက်ရရှိခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၆၈)ကြိမ်နှင့် (၆၉)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

“မီး”ဘေးအန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မကြာမီ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ စက်သုံးဆီနှင့် ရေနံထွက်ပစ္စည်းများ သိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချသူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်သွားနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ စက်သုံးဆီသိုလှောင်ကန်/သိုလှောင်ရုံများနှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်ရှိရမည်။

၂။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများနှင့် ပတ်သက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရှိရမည်။

၃။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရမည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက် စနစ်တကျရေးဆွဲထားပြီး အနည်းဆုံး တစ်လတစ်ကြိမ် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရမည်။

၄။ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာ ထားရှိရမည့်အပြင် ဝန်ထမ်းများ စနစ်တကျကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် အခြေခံမီးသတ်သင်တန်း တက်ရောက်ထားရမည်။

၅။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းဝင်းအတွင်း မီးလောင်လွယ်စေတတ်သော ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ယူဆောင်လာခြင်း ရှိ၊ မရှိအား စစ်ဆေးကြပ်မတ်ရန်အတွက် လုံခြုံရေးဝန်ထမ်းများ ထားရှိ တာဝန်ပေးအပ်ထားရမည်။

၆။ အဆောက်အအုံများနှင့် သိုလှောင်ကန်များတွင် မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲများ စနစ်တကျ တပ်ဆင်ထားရမည်။

၇။ သတ်မှတ်အရည်အသွေးပြည့်မီသည့် ပိုက်၊ ပိုက်ဆက်ပစ္စည်း၊ ဘား၊ ပန့်၊ ပန့်တိုင်နှင့် ဆီချပိုက်များကို တပ်ဆင်အသုံးပြုရမည်။ ဆက်သွယ်ထားသည့် ပိုက်လိုင်းများသည် စက်သုံးဆီနှင့် ဆီငွေ့များ ယိုစိမ့်မှုနှင့် လုံခြုံစိတ်ချရမှုရှိရမည်။

၈။ လျှပ်စစ်ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ တပ်ဆင်သုံးစွဲရမည်။

၉။ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် ဆီတင်ယာဉ် ဆီဖြည့်သည့်နေရာ (Bowser Filling Shed)သီးသန့်ဆောက်လုပ်၍ စနစ်တကျဆောင်ရွက်ရမည်။

၁၀။ ပီပါဖြင့် ဖြန့်ဖြူးရောင်းချပါက ပီပါဆီဖြည့်ရုံ(Drum Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းချရမည်။

၁၁။ မြစ်ကမ်းနဖူးတွင် တည်ဆောက်ထားသော စက်သုံးဆီသိုလှောင်ကန်စခန်းဖြစ်ပါက ဆီတင်/ဆီချ ဆိပ်ခံ၊ ဆိပ်ခံတံတား၊ ဆီတင်/ဆီချပန့်များ၊ ပိုက်လိုင်းများ၊ ဆီချပွိုင့်၊ ဆီဖြည့်ပွိုင့်နှင့် စက်သုံးဆီ လက်ခံသိုလှောင်ဖြန့်ဖြူးမည့် သံကန်များ စနစ်တကျ တည်ဆောက်တပ်ဆင်အသုံးပြုရမည်။

၁၂။ ဆီတင်ယာဉ်တစ်စီး၏ အင်္ဂါရပ်နှင့်အညီ သတ်မှတ်ပါရှိရမည့် ပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားရမည်။

စွမ်းအင်ဝန်ကြီးဌာန

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေး တရုတ်နှင့် တောင်ကိုရီးယား ဆွေးနွေးသွားမည်

ဇန်နဝါရီ ၉ ရက်က မြို့တော်ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ကျင်းပသော ကြိုဆိုပွဲအခမ်းအနားတွင် တောင်ကိုရီးယားနှင့် တရုတ်သမ္မတတို့အား တွေ့ရစဉ်။

ပေကျင်း ဇန်နဝါရီ ၉

ယခုနှစ်၏ ပထမနှစ်ဝက်ကာလအတွင်း တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ပေါ်ထွန်းရေး ဆွေးနွေးပွဲများကို စတင်ပြုလုပ်နိုင်ဖွယ်ရှိကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

ဆွေးနွေးမှုများပြုလုပ်

တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်သည် တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ ဇန်နဝါရီ ၈ ရက်တွင် ရောက်ရှိလာခဲ့သည်။ ၎င်းသည် တရုတ်သမ္မတ ဟူကျင်တောင်အပါအဝင် အခြားသော အထက်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ဂျပန်နိုင်ငံနှင့်အတူ သုံးပွင့်ဆိုင်ကုန်သွယ်ရေး သဘောတူညီချက် ပေါ်ထွန်းရေးအတွက် ကုန်သွယ်ရေးဆွေးနွေးပွဲများ ကျင်းပသွားမည့်အပြင် တရုတ်နှင့် တောင်ကိုရီးယားတို့၏ နှစ်နိုင်ငံကုန်သွယ်ရေး ဆွေးနွေးပွဲများကို ယခုနှစ်၏ ပထမနှစ်ဝက်အတွင်း စတင်နိုင်မည်ဟု မျှော်လင့်ရကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရိုက်တာ။

အမေရိကန်ပြည်ထောင်စု ဖီလာဒဲဖီးယားမြို့၌ သိမ်းဆည်းရမိသော ဆင်စွယ်လက်မှုပစ္စည်းများကို တွေ့ရစဉ်။

၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ဆင်စွယ် စံချိန်တင် သိမ်းဆည်းရမိ

ဂျိုဟန်နက်စဘတ် ဇန်နဝါရီ ၉

၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ဆင်စွယ်များကို စံချိန်တင် ပမာဏအထိ သိမ်းဆည်းရမိခဲ့ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူ အက်ဖ်)က ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့်နှစ်တွင် ဆင်စွယ်ကီလိုဂရမ် ၈၀၀ (ပေါင် ၂၀၀၀) ကျော်အထက် အကြီးစားသိမ်းဆည်းရမိမှု (၁၃)ကြိမ်ထက်မနည်းရှိခဲ့ကြောင်း ဒဗလျူဒဗလျူအက်ဖ်၏ ကြေညာချက်တွင် ဖော်ပြသည်။ အာရှတိုက်တွင် ဆင်စွယ်ဖြင့်ပြုလုပ်သော လက်ဝတ်ရတနာများနှင့် အဆင်တန်ဆာများရောင်းချသည့် ဈေးကွက် ကြီးထွားလျက်ရှိရာ အာဖရိကတိုက်၌ တောဆင်ရိုင်းများကို ခိုးဝှက်ဖမ်းဆီးသတ်ဖြတ်မှုများ ပိုမိုဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကောက်ချက်ချ

လွန်ခဲ့သည့်နှစ်က သိမ်းဆည်းရမိခဲ့သော ဆင်စွယ်ပမာဏကို ချင့်တွက်ပါက ဆင်ကောင်ရေ ၂၅၀၀ခန့် သတ်ဖြတ်ခံခဲ့ရသည်ဟု ကောက်ချက်ချနိုင်ကြောင်း ဇင်ဘာဘွေနိုင်ငံအခြေစိုက် ဆင်စွယ်ကုန်သွယ်မှုသတင်းဌာနက ပြောကြားသည်။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုကြာကာလအတွင်း ဆင်စွယ်အများဆုံး သိမ်းဆည်းရမိခဲ့သော နှစ်မှာ ၂၀၁၁ ခုနှစ် ဖြစ်ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။ ***ရိုက်တာ။***

လူမှောင်ခိုတိုက်ဖျက်ရေးလုပ်ငန်း၌ အင်ဒိုနီးရှားနှင့် သြစတြေးလျ ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇန်နဝါရီ ၉

အင်ဒိုနီးရှားနှင့် သြစတြေးလျနိုင်ငံတို့သည် လူမှောင်ခိုမှုတိုက်ဖျက်ရေးလုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်ကြရန် ဇန်နဝါရီ ၉ ရက်တွင် သဘောတူညီလိုက်ကြသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါနှင့် သြစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ကီဗင်ရတ်တို့သည် မြို့တော်ဂျကာတာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် အထက်ပါအတိုင်း သဘောတူညီခြင်းဖြစ်သည်။

သြစတြေးလျနိုင်ငံ၌ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်လိုသူများသည် အင်ဒိုနီးရှားနိုင်ငံကို ကြားစခန်းနိုင်ငံအဖြစ် အသုံးပြုလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ခိုလှုံခွင့် တောင်းခံလိုသူများသည် ခရီးသွားလာခြင်းဆိုင်ရာ ခွင့်ပြုချက်စာလွှာစာတမ်းအတုများကို ကိုင်ဆောင်လျက် သြစတြေးလျနိုင်ငံသို့ ခိုးဝင်ရန် ကြိုးပမ်းလေ့ရှိကြသည်။

ပြီးခဲ့သည့်လက အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းကမ်းလွန်၌ အီရန်နှင့်အာဖဂန်လူမျိုး ၂၅၀ ခန့် လိုက်ပါလာသော ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ရေယာဉ်ပေါ်လိုက်ပါလာသူ ၄၇ ဦးမှအပ အားလုံးသေဆုံးခဲ့ရသည်။ ***အင်တာနက်။***

စီအိုင်အေအတွက် သူလျှိုလုပ်မှုဖြင့် အမေရိကန်တစ်ဦးကို သေဒဏ်ချမှတ်

တီဟီရန် ဇန်နဝါရီ ၉

အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ) အတွက် သူလျှိုပြုလုပ်မှုဖြင့် အီရန်နွယ်ဖွား အမေရိကန်နိုင်ငံသားတစ်ဦးကို အီရန်တော်လှန်ရေးတရားရုံးက သေဒဏ်စီရင်ချက်ချမှတ်လိုက်ကြောင်း တရားရေးဌာန တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ အစီအစဉ်အပေါ်အကြောင်းပြု၍ ယင်းနိုင်ငံနှင့် အမေရိကန်တို့အကြား တင်းမာမှုများ ဖြစ်ပေါ်နေချိန်တွင် အီရန်နွယ်ဖွား အမေရိကန်နိုင်ငံသားတစ်ဦးကို သူလျှိုမှုဖြင့် ပြစ်ဒဏ်ချမှတ်လိုက်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုဆိုးရွားစေနိုင်သည်ဟု ယူဆရသည်။

အနောက်အုပ်စုနိုင်ငံများသည် မကြာသေးမီက အီရန်နိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ် အရေးယူမှု အစီအစဉ်သစ်ကို ချမှတ်ခဲ့သည်။ အီရန်နိုင်ငံသည် အဏုမြူဗုံးထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေဖွယ်ရှိသည်ဆိုသော သံသယဖြင့် ယင်းကဲ့သို့ ဒဏ်ခတ်အရေးယူမှုကို ပြုလုပ်ခြင်းဖြစ်သည်။

သူလျှိုပြုလုပ်မှုဖြင့် သေဒဏ်အမိန့် ပြစ်ဒဏ်စီရင်ချမှတ်ခံရသူမှာ အေမီယာမီဇာဟီကာမာတီဆိုသူ ဖြစ်သည်။

အေမီယာသည် ယင်းပြစ်ဒဏ်စီရင်ချက်အတွက် တရားရုံးချုပ်တွင် အယူခံဝင်နိုင်ခွင့်ရှိသည်။ အေမီယာသည် အသက်(၂၈)နှစ်ရှိပြီး အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ် အနောက်တောင်ပိုင်း၌ နေထိုင်သော အီရန်နွယ်ဖွားမိဘများမှ ပေါက်ဖွားလာသူဖြစ်သည်။ ၎င်းသည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံရှိ အမေရိကန်စစ်စခန်းများ၌ စစ်ပညာကို လေ့ကျင့်သင်ယူခဲ့သည်ဟု အီရန်ထောက်လှမ်းရေးဌာနက စွပ်စွဲခဲ့ပြီး ၎င်းကို ဒီဇင်ဘာလတွင် ဖမ်းဆီးခဲ့သည်။ ***ရိုက်တာ။***

မီးလောင်ကျွမ်းမှုဖြစ်ခဲ့ရသော ရုရှားရေတပ်၏ နျူကလီးယားစွမ်းအင်သုံး ယေကာသာရင်ဘတ်ဂ် ရေငုပ်သင်္ဘောကို တွေ့ရစဉ်။

ရုရှား၏ နျူစွမ်းအင်သုံး ရေငုပ်သင်္ဘောမီးလောင်ကျွမ်းမှု အပြေရှာရန်ခက်ခဲ

မော်စကို ဇန်နဝါရီ ၉

ရုရှားရေတပ်သည် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရသော ဒယ်လ်တာ ၄ အမျိုးအစား ရေငုပ်သင်္ဘောသည် ရော့စ်ကိုဗိုလ်လွန်းခြောက်မှ အိုကိုးလ်နေယာရေတပ်စခန်းသို့ ခုတ်မောင်းသွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိုကိုးလ်နေယာရေတပ်စခန်းမှ ဝန်ချီစက်များအပါအဝင် စက်ကိရိယာများသည် ယေကာသာရင်ဘတ်ဂ် ရေငုပ်သင်္ဘော၌ တပ်ဆင်ထားသော ဒုံးကျည်များကို ဖြုတ်ယူချခဲ့ရကြောင်း သိရသည်။

သို့ရာတွင် ယေကာသာရင်ဘတ်ဂ် ရေငုပ်သင်္ဘောသည် အိုကိုးလ်နေယာရေတပ်စခန်းသို့ သွားရောက်ခဲ့ကြောင်း သတင်းကို ငြင်းပယ်ခဲ့ပြီး ယင်းသင်္ဘောပေါ်၌ လက်နက်ခဲယမ်းများ ပါဝင်ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဘယ်လ်လိုနာအဖွဲ့က ယေကာသာရင်ဘတ်ဂ် ရေငုပ်သင်္ဘောပေါ်တွင် နျူကလီးယားထိပ်ဖူးများတပ်ဆင်ထားသော တိုက်ချင်းပစ်ဒုံးကျည်များ ပါဝင်ကြောင်း ပြောကြားခဲ့သည်။

အလေးချိန် တန် ၁၈၂၀၀ ရှိ ယေကာသာရင်ဘတ်ဂ် ရေငုပ်သင်္ဘောသည် တော်ပီဒို ၁၂ စင်းအပြင် နျူကလီးယားထိပ်ဖူးလေးခုစီတပ်ဆင်နိုင်သော တိုက်ချင်းပစ်ဒုံးကျည် ၁၆ စင်း သယ်ဆောင်ထားနိုင်သည်။

အာရ်တီသတင်းဌာန၏ အဆိုအရ အဆိုပါဒုံးကျည်များကို ရေငုပ်သင်္ဘောမီးလောင်စဉ်အတွင်း ရွှေ့ပြောင်းပြီးဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံ ကာကွယ်ရေးတာဝန်ရှိသူတစ်ဦး၏အဆိုအရ ရုရှားရေငုပ်သင်္ဘောမီးလောင်မှုသည် ယင်းသင်္ဘောပေါ်ရှိ နျူကလီးယားဓာတ်ပေါင်းဖိုများကို ထိခိုက်ပျက်စီးစေလိမ့်မည်မဟုတ်ကြောင်း သိရသည်။

မိမိတို့သိရသမျှ ယေကာသာရင်ဘတ်ဂ် ရေငုပ်သင်္ဘော၌ အရေးကြီးဆုံး ကိစ္စနှစ်ရပ်မှာ ယင်းသင်္ဘောပေါ်တွင် တပ်ဆင်ထားသော အာရုံခံကိရိယာများနှင့် တော်ပီဒိုပစ်လွှတ်သည့် ပြွန်များဖြစ်ကြောင်း ဘယ်လ်လိုနာပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ပြောကြားခဲ့သည်။

သို့ရာတွင် ယေကာသာရင်ဘတ်ဂ် ရေငုပ်သင်္ဘော၏ နျူကလီးယားဓာတ်ပေါင်းဖိုသည် အပူချိန်ကြောင့် အပြင်ခွံဖိအားမြင့်တက်လာရန် အကြောင်းမရှိကြောင်း ဘယ်လ်လိုနာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။

အင်တာနက်။

ကာကွယ်ရေးအသုံးစရိတ် အစ္စရေးအစိုးရတိုးမြှင့်

ဂျေရုဆလင် ဇန်နဝါရီ ၉

အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ် ငွေစာရင်း (ဘတ်ဂျက်)၌ ဒေါ်လာသန်း ၇၀၀ ခန့်ကို ထပ်မံတိုးမြှင့်လိုက်ကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဇန်နဝါရီ ၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အစ္စရေးနိုင်ငံ၌ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် ရန်ပုံငွေရရှိရေးအတွက် စစ်ရေးအသုံးစရိတ်ကို လျှော့ချမည်ဟု ဝန်ကြီးချုပ် နေတန်ယာဟုက လွန်ခဲ့သည့်နှစ်တွင် ပြောကြားခဲ့ပြီးနောက် အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အစ္စရေးအစိုးရအဖွဲ့သည် ကာကွယ်ရေးအသုံးစရိတ်ကို လျှော့ချကာ လူမှုရေးရန်ပုံငွေများကို ပိုမိုထောက်ပံ့ပေးသင့်ကြောင်း စီးပွားရေးပညာရှင် မင်နျူယယ်ထရာတင်ဘတ်က အကြံပြုခဲ့သည်။

အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ဒေါ်လာ ၁၄ ဘီလီယံခန့် ရှိသည်။ ယင်းဖော်ပြပါ ငွေကြေးပမာဏအနက် ဒေါ်လာ သုံးဘီလီယံမှာ အမေရိကန်ထံမှ နှစ်စဉ်ရရှိသော စစ်ဘက်ဆိုင်ရာ ငွေကြေးအထောက်အပံ့ဖြစ်သည်။

အင်တာနက်။

အာဖဂန်ကြည်းတပ်ဝတ်စုံ ဝတ်သူတစ်ဦး ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကဘူး ဇန်နဝါရီ ၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ရှိသည့် စစ်အခြေစိုက်စခန်းတစ်ခုတွင် အာဖဂန်ကြည်းတပ်ဝတ်စုံ ဝတ်ထားသည့် လူတစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်တစ်စုကို သေနတ်ဖြင့်ပစ်ခတ်ရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၍ တစ်ဦးဒဏ်ရာရရှိကြောင်း အာဖဂန်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

တနင်္ဂနွေနေ့ကဖြစ်ပွားသည့် အဆိုပါပစ်ခတ်မှုဖြစ်စဉ်တွင် သေနတ်သမားလည်း သေဆုံးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး မိုဟာမက်ဇဟာ အဇီမီက ပြောသည်။

ကဘူးမြို့တောင်ဘက် မိုင် ၂၀ (၄၀၀ ကီလိုမီတာ)ခန့်အကွာရှိ ဇဘူးပြည်နယ် အာဖဂန်အမျိုးသား ကြည်းတပ်စခန်းများအနက်မှ တစ်ခုတွင် ဖော်ပြပါပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း ဗိုလ်ချုပ်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အင်တာနက်။

☆ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ

ဖော်ဆောင်နေမှုအခြေအနေများ၊ ပြည်သူလူထုနှင့် တပ်မတော်သည် ဒွိတာဝန်အရေးသုံးပါး ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပုံများ၊ နိုင်ငံရပ်ခြား၌ အလုပ်လုပ်နေသူများသည် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသူများဖြစ်ကြသဖြင့် ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကူညီစောင့်ရှောက်ပေးရန်လိုအပ်ပုံများ၊ ပညာတော်သင်များအနေဖြင့်လည်း မိမိတို့နိုင်ငံတော်အတွက် လိုအပ်၍ သင့်လျော်သော ပညာရပ်များကို အချိန်ကုန်၊ ငွေကုန်ခံသင်ကြားနေကြရသောကြောင့် အကျိုးရှိအောင်၊ တတ်မြောက်အောင် ကြိုးစားသင်ယူကြရန် လိုအပ်ပုံများကို ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညပိုင်းတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Siam Niramit ကဇာတ်ရုံ၌ ထိုင်းရိုးရာယဉ်ကျေးမှုပဒေသာကပွဲ ကပြမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် (၁၅)ကြိမ်မြောက် နှမ်းမနဲပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်တွင် (၁၅)ကြိမ်မြောက် နှမ်းမနဲ စတုဒိသာပွဲကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းကုသိုလ်လိုသူများသည် နှမ်းမနဲ လေးပြည် (တစ်ဒယ်)လျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် စေတီတော်ဂေါပကအဖွဲ့ ဖုန်း-၀၁-၂၉၀၄၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ဥမ္မာသန့်-သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ပြည်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပရာ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအံ့မော် ဖတ်ကြားစဉ်။ (၁၃၇)

တွေ့ဆုံဆွေးနွေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်အကြံပေးကောင်စီ ဥက္ကဋ္ဌ General Prem Tinsulanonda တို့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်အကြံပေးကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda နှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်အကြံပေးကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda နှင့် ယနေ့နံနက် ၁၁ နာရီတွင် ၎င်း၏ရုံးခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ဖလှယ်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်အကြံပေးကောင်စီဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့်ဒုတိယစစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဒါပေါင်းနှင့် ထိုင်းနိုင်ငံ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၇ ရက်က အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၁၀-၂၀၁၁ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝင်းက ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

လူသားများအတွက် လက်တစ်ကမ်းမှ ဘေးအန္တရာယ်

သတင်းဆောင်းပါး - မာမာစိုး(ကြေးမုံ) ➤➤ ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ကျွန်ုပ်တို့ ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေလေ့ရှိသည့် စစ်ပွဲများ၊ ကပ်ရောဂါဆိုးများ၊ အကြမ်းဖက်မှုများ၊ ရာဇဝတ်ပြစ်မှုများ၊ သဘာဝမှ ကျရောက်လာသည့် ဘေးအန္တရာယ်များ စသည်တို့ကြောင့် နှစ်စဉ် ပြည်သူလူထု၏အသက်ပေါင်းများစွာ ဆုံးရှုံးလျက်ရှိရာတွင် လူတို့၏ အသက်ကိုအချိန်မရွေး၊ နေရာမရွေးနုတ်ယူသွားနိုင်သည့် အနီးကပ်ဆုံး ကပ်ဆိုးဟုဆိုရမည့် ယာဉ်အန္တရာယ်သည် လူတို့၏ လက်တစ်ကမ်းတွင် ဒုက္ခများပေးနိုင်ရန်အတွက် အချိန်နှင့်အမျှ စောင့်ဆိုင်းလျက်ရှိသည်။

အဆိုပါ ယာဉ်အန္တရာယ်ကျရောက်မှုလျော့နည်းစေရန် သက်ဆိုင်ရာယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများမှ ပြည်သူလူထုအတွင်းသို့ တီဗွီထုတ်လွှင့်မှု အစီအစဉ်များ၊ သတင်းမီဒီယာများ၊ ဟောပြောပွဲများ၊ ပြခန်းများ စသည်ဖြင့် တိုက်ရိုက်ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်တွင်လည်း ယာဉ်တိုက်မှုများ ကျဆင်းစေရန် သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စတုတ္ထအကြိမ်မြောက် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသည့်ဌာနများမှ ပါဝင်ပူးပေါင်း၍ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးပြခန်းများ ခင်းကျင်းပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုပြင် ပြည်သူအများစိတ်ဝင်စားမှုရှိစေရန် ပြခန်းများအပြင်၊ ကုမ္ပဏီများ၏ အရောင်းပြခန်းများ၊ အထက(၂) ကျောင်းသား၊ ကျောင်းသူများ၏ ယာဉ်အန္တရာယ်ကင်းရှင်းရေး သရုပ်ပြကွက်တင်ဆက်မှုများ၊ HTET Media Group ၏ စင်တင်ဖျော်ဖြေမှုများ ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် ကွန်ပျူတာဉာဏ်စမ်းပဟေဠိ၊ ရေးဖြေနှုတ်ဖြေ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများဖြင့် စည်ကားစွာကျင်းပလျက်ရှိသည်။

နေပြည်တော် ပျဉ်းမနား အထက(၂) ကျောင်းသား၊ ကျောင်းသူများက ယာဉ်စည်းကမ်းအမှတ်အသားများ ရှင်းလင်းပြနေဟန်ဖြင့် သရုပ်ပြနေစဉ်။

နေပြည်တော် နယ်နိမိတ်အတွင်း မြို့တော်အင်္ဂါရပ်နှင့် အညီဖြစ်စေရန် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယာဉ်အန္တရာယ်ကင်းရှင်းစေမည့် အဝိုင်းများဆောင်ရွက်ပေးခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေမည့် လမ်းတံတားများဆောက်လုပ်ပေးခြင်း၊ လမ်းတံတားများပေါ်တွင် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား သိရှိလိုက်နာနိုင်ရန် အခါအားလျော်စွာ ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းကမ်းချက်များ ထုတ်ပြန်၍ ပြည်သူများသိရှိလိုက်နာနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ စည်းကမ်းချက်များ ချမှတ်၍ အရေးယူဆောင်ရွက်နေသော်လည်း ပြည်သူအများစုမှ ထိုစည်းကမ်းချက်များကို သိရှိ၍ဖြစ်စေ၊ မသိရှိသောကြောင့်ဖြစ်စေ ပုံစံအမျိုးမျိုးဖြင့် ဖောက်ဖျက်လျက်

နေပြည်တော် ပျဉ်းမနား အထက(၂) ကျောင်းသား၊ ကျောင်းသူများက ယာဉ်အန္တရာယ်ကင်းရှင်းရေး သရုပ်ပြကွက်ဖြင့် တင်ဆက်နေစဉ်။

ရှိနေကြသည်။ မော်တော်ယာဉ်မောင်းနှင်သူများသာ ၎င်းစည်းကမ်းချက်များကို လိုက်နာရုံဖြင့် ယာဉ်အန္တရာယ်ကျရောက်မှုများမှာ လျော့နည်းပပျောက်သွားနိုင်မည်မဟုတ်။ လမ်းများပေါ်တွင် သွားလာနေကြသည့် ပြည်သူများပါ အလေးထားလိုက်နာကျင့်သုံးနိုင်မည်ဆိုပါက မိမိတို့၏ လက်တစ်ကမ်းတွင် အမြဲစောင့်ဆိုင်းနေသည့် ယာဉ်တိုက်မှုအန္တရာယ်များမှ လျော့နည်းသွားနိုင်သည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှလည်း တိုးပွားလာသည့် ယာဉ်တိုက်မှုများ လျော့နည်းလာနိုင်ရန် အီးငါးလုံးစနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ထိုစနစ်ဖြင့် ဆောင်ရွက်ရာတွင် ယာဉ်အန္တရာယ်များ လျော့နည်းသွားစေရန် တာဝန်ရှိသူများအပါအဝင် ပြည်သူအားလုံး၏ အသိရှိမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများကို မူဝါဒအရ မှန်ကန်စွာ သတ်မှတ်ပေးနိုင်မှု၊ စည်းကမ်းထိန်းသိမ်းသူရော စည်းကမ်းလိုက်နာသူများကပါ မိမိတာဝန်ကို လိုက်နာရန် အလေ့အကျင့်ရှိနေမှု၊ အမူအကျင့် ပြောင်းလဲမှု၊ တာဝန်ရှိသူရော ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းပူးပေါင်း လိုက်နာဆောင်ရွက်မှု စသည်ဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီမှသာ လက်တစ်ကမ်းမှ ဘေးအန္တရာယ်သည် လျော့ကျသွားမည်ဖြစ်သည်။ ။

ရင်သွေးငယ်များ ကျန်းမာဖို့ "ဝက်သက်ရောဂါ" တိုက်ဖျက်စို့

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာ့ရင်သွေးငယ်များအား ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပိုလီယိုရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာ ချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ တီဘီဦးနှောက်အမြှေးရောင်ရောဂါနှင့် ဝက်သက်ရောဂါစသော ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရေးအတွက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဆက်စပ်နေသော ဝန်ကြီးဌာနအသီးသီးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုတို့ဖြင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ရင်သွေးငယ်များ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းအားဖြင့် ကလေးငယ်များ၏ ကျန်းမာရေးကို တိုးတက်ဖွံ့ဖြိုးစေပြီး "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသည့် လူမှုရေးဦးတည်ချက်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက် နှစ်ရပ်ဖြစ်သော "လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေး"နှင့် "လူတိုင်းရောဂါဘယကင်းရှင်းရေး" အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် ကျောက်ရောဂါ လုံးဝပပျောက်ပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် ရောဂါဖြစ်ပွားသေဆုံးမှုသိသာစွာ လျော့နည်းခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံအား မွေးကင်းစမေးခိုင်ရောဂါလျော့နည်းပပျောက်သော နိုင်ငံအဖြစ် ၂၀၁၀ ခုနှစ် မေလတွင် ကြေညာခဲ့ပြီး ဝက်သက်ရောဂါ လျော့နည်းပပျောက်ရေးနှင့် ပိုလီယိုရောဂါ လုံးဝပပျောက်ရေးလုပ်ငန်းများကိုလည်း ဦးစားပေးလုပ်ငန်းများအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများအနက် ဝက်သက်ရောဂါသည် ကမ္ဘာ့ရင်သွေးငယ်များအတွက် အဓိကကျန်းမာရေးပြဿနာအဖြစ် ရှိနေပါသည်။ ထို့ကြောင့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များတွင် သက္ကရာဇ် ၂၀၁၅ ခုနှစ်၌ အသက် ငါးနှစ်အောက်ကလေးများ သေဆုံးနှုန်းကို ၁၉၉၀ ခုနှစ်တွင် သေဆုံးမှုနှုန်း၏ သုံးပုံနှစ်ပုံ လျှော့ချရေးလုပ်ငန်းကို ဆောင်ရွက်ရန်ထည့်သွင်းထားပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ အဆိုပါရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ ဝက်သက်ရောဂါကြောင့် သေဆုံးမှုအခြေအနေသည် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှု၏ ၄၈ ရာခိုင်နှုန်းခန့်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ ဝက်သက်ရောဂါ လျော့နည်းပပျောက်ရေးနှင့် ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက် ကိုးလအရွယ်ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးလွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းနှင့်အထက်ရရှိရန် ဆောင်ရွက်ခြင်း၊ ဝက်သက်ရောဂါကာကွယ်ဆေးကို အသက် (၁၈)လတွင် ဒုတိယအကြိမ်အဖြစ် ထိုးနှံပေးခြင်း၊ အချိန်ကာလအပိုင်းအခြားအလိုက် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝက်သက်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ဝက်သက်ရောဂါဖြစ်ပွားပါက တုံ့ပြန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဗီတာမင်အေဆေးတိုက်ကျွေးခြင်း အပါအဝင် ထိရောက်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဝက်သက်ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် အသက် ကိုးလနှင့် အသက် တစ်နှစ်ခွဲအရွယ်ကလေးငယ်များအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းအား လစဉ် ဆောင်ရွက်လျက်ရှိပါသည်။

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး၏ ဝက်သက်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမှာ ၈၅ ရာခိုင်နှုန်းရရှိပါသည်။ ထိုလွှမ်းခြုံမှုမှာ အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် များသည်ဟု ယူဆနိုင်သော်လည်း ကျန်ရှိသည့် ၁၅ ရာခိုင်နှုန်းသော ကလေးများသည် ဝက်သက်ကာကွယ်ဆေး မထိုးနှံရသေးသူများဖြစ်နေသဖြင့် ဝက်သက်ရောဂါ ဖြစ်ပွားကူးစက်နိုင်သူများ ဖြစ်နေပါသည်။ ထို့ကြောင့် ရာနှုန်းပြည့်နီးပါး ထိုးနှံနိုင်မှသာလျှင် ရောဂါဖြစ်ပွားမှုကို သိသာစွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နှစ်စဉ်နှစ်တိုင်း ကာကွယ်ဆေးမထိုးနှံရသေးသော ကလေးများရှိနေရာ နှစ်ကြာလာသောအခါ ကာကွယ်ဆေးမထိုးရသေးသောကလေးများ ပိုမိုများပြားလာပြီး ဝက်သက်ရောဂါကူးစက်ပျံ့နှံ့မှု ပြန်လည်ဖြစ်ပွားလာနိုင်ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားမှုအခြေအနေကို လေ့လာကြည့်လျှင် ယခင်နှစ်များထက် ဝက်သက်ရောဂါဖြစ်ပွားမှုပိုမိုများပြားလာကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကာကွယ်ဆေးမထိုးသည့် ကလေးများရှိနေခြင်း၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအားနည်းသည့် နေရာဒေသများရှိနေခြင်း၊ ဝေးလံခက်ခဲသော ဒေသမဟုတ်သော်လည်း မြို့ပေါ်တိုက်တာရှိကလေးများ၊ ယာယီအလုပ်စခန်းများရှိ ကလေးများနှင့် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများ၏ ရင်သွေးများတွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအားနည်းကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း ဝက်သက်ရောဂါအစုလိုက်ဖြစ်ပွားမှု စုစုပေါင်း (၃၄)ကြိမ် ဖြစ်ပွားခဲ့ရာ ဝက်သက်ရောဂါ လူနာပေါင်း ၅၈၀ နှင့် သေဆုံးသူ ခုနစ်ဦး ရှိခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်ပွားခဲ့ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဖြစ်ပွားမှုများရှိနေပါသည်။ အသက် ငါးနှစ်အောက် ကလေးငယ်များတွင် ၃၅ ရာခိုင်နှုန်းခန့်နှင့် အသက်ငါးနှစ်မှ ကိုးနှစ်အတွင်း ကလေးငယ်များတွင် ၂၇ ရာခိုင်နှုန်းခန့် ဖြစ်ပွားကြောင်းနှင့် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်းတွင် အဖြစ်များပြီး တစ်နှစ်ပတ်လုံး ကူးစက်ဖြစ်ပွားနေသည်ကို တွေ့ရှိရပါသည်။ ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားသည့်နေရာများရှိ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအား တုံ့ပြန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်သဖြင့် ရောဂါကူးစက်ပြန့်ပွားမှုများကို ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဝက်သက်ရောဂါသည် ဝက်သက်ရောဂါဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး ရောဂါဖြစ်ပွားသူထံမှ ဝက်သက်ရောဂါဗိုင်းရပ်စ်ပိုးသည် လေထဲမှတစ်ဆင့် ရောဂါရှိသူ၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်ကူးစက်နိုင်သဖြင့် ရောဂါရှိသူ၏ နှာချေ၊ ချောင်းဆိုးခြင်းမှတစ်ဆင့် လည်းကောင်း၊ တိုက်ရိုက်ထိတွေ့၍ လည်းကောင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ပါသည်။ ဝက်သက်ရောဂါပိုး စတင်ဝင်ရောက်သည်မှ ၇ ရက်မှ ၁၈ ရက်အတွင်း ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါသည်။ ဝက်သက်ရောဂါ၏ လက္ခဏာများမှာ နှာချေ၊ ချောင်းဆိုးခြင်း၊ ဖျားခြင်းနှင့် မျက်စိနီခြင်း၊ မျက်နှာနှင့် ခန္ဓာကိုယ်တွင် အနီစက်များထွက်ခြင်းတို့ဖြစ်ပါသည်။ ဝက်သက်ရောဂါလက္ခဏာ စတင်မပေါ်မီကာလနှင့် လက္ခဏာပေါ်ပြီးနောက် ရက်အနည်းငယ်အထိ ဝက်သက်ရောဂါသည် အခြားသူများအား ကူးစက်နိုင်ပါသည်။ ဝက်သက်ရောဂါသည် တစ်နှစ်အောက်ကလေးငယ်များတွင် ပိုမိုဖြစ်ပွားပြီး ကလေးများစုဝေးရာနေရာများတွင် အလွယ်တကူ ပိုမိုကူးစက်ပြန့်ပွားပါသည်။ ရောဂါဖြစ်ပွားသူအား သီးခြားထားရှိကုသခြင်းဖြင့် အခြားသူများသို့ ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေပါသည်။

ဝက်သက်ရောဂါသည် အအေးမိခြင်းကဲ့သို့ အလွယ်တကူဖြစ်နိုင်ပြီး အလွန်ကူးစက်မြန်ပါသည်။ ဝက်သက်ရောဂါကြောင့် အာဟာရချို့တဲ့နိုင်သကဲ့သို့ အာဟာရချို့တဲ့သည့် ကလေးများတွင် ဝက်သက်ပေါက်လျှင် အသက်အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ဝက်သက်ရောဂါဖြစ်ပွားပါက နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအဖြစ် အဆုတ်ရောင်ခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောခြင်း၊ နားပြည်ယိုခြင်း၊ မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်နိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝက်သက်ရောဂါကြောင့် သေဆုံးမှုနှုန်းသည် ရောဂါဖြစ်ပွားသူများ၏ သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအတွင်းရှိကြောင်း တွေ့ရှိရပါသည်။ **ရင်သွေးငယ်များအား ဝက်သက်ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း ဖြစ်ပါသည်။** ထို့ကြောင့် မိဘပြည်သူများအနေဖြင့် ဝက်သက်ရောဂါကာကွယ်ဆေးကို မိမိရင်သွေး အသက် ကိုးလတွင် ပထမအကြိမ်၊ အသက်တစ်နှစ်ခွဲတွင် ဒုတိယအကြိမ် စုစုပေါင်း နှစ်ကြိမ် အကြိမ်ပြည့်ထိုးနှံပေးရန် လိုအပ်ပါသည်။ ဝက်သက်ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းဖြင့် မိမိတို့၏ ရင်သွေးငယ်များအား ဝက်သက်ရောဂါဘေးဆိုးကြီးမှ တစ်သက်လုံးကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

မြန်မာ့ရင်သွေးများ ကာကွယ်ဆေးဖြင့်ကာကွယ်၍ ရသောရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ကာကွယ်ဆေးများ ဝယ်ယူရန် ရန်ပုံငွေခွဲဝေချထားပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ကာကွယ်ဆေးများကို လစဉ်ပုံမှန်ထိုးနှံတိုက်ကျွေးလျက်ရှိရာ ရင်သွေးငယ်အားလုံး ပုံမှန်ကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် မိဘများတွင် အဓိကတာဝန်ရှိသလို ပြည်သူလူထုမှလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးသကဲ့သို့ ၂၀၁၁ ခုနှစ်အတွင်း ဝက်သက်ရောဂါ ပိုမိုဖြစ်ပွားလာသော အခြေအနေအရလည်းကောင်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုမြင့်မားလာစေရေးအတွက်လည်းကောင်း၊ **အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းကို ၂၀၁၂ ခုနှစ် မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် အသက် ကိုးလမှ ငါးနှစ်အောက်ကလေးများအားလုံးကို ဝက်သက်ကာကွယ်ဆေးထိုးနှံနိုင်မည့် အခွင့်အရေးကောင်းတစ်ရပ်ကို ရရှိမည်ဖြစ်ပါသည်။ ၎င်းအခွင့်အရေးကို လက်လွတ်မခံဘဲ မိမိရင်သွေးများကို ကာကွယ်ဆေးတိုက်စုရပ်များသို့ ခေါ်ဆောင်၍ ဝက်သက်ကာကွယ်ဆေးထိုးနှံပေးရန် လိုအပ်ပါသည်။** ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အသက် ကိုးလမှ ငါးနှစ်အောက် ကလေးငယ်ပေါင်း ၆ ဒသမ ၄ သန်းခန့်အား ဝက်သက်ကာကွယ်ဆေးထိုးနှံပေးသွားရန် ရည်မှန်းချက်ထားရှိပြီး လွှမ်းခြုံမှုရာနှုန်းပြည့်ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းကို မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခက်ခဲသည့်ဒေသများရှိ ကလေးများအားလုံး မကျန်ရှိစေရေးအတွက် စီမံချက်အဆင့်ဆင့်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများမှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ရန် လိုအပ်ပါသည်။ ၂၀၁၂ ခုနှစ် မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်မည့် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသက် ကိုးလမှ ငါးနှစ်အရွယ် ကလေးငယ်ပေါင်း ၆ ဒသမ ၄သန်းခန့်အား ဝက်သက်ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံပေးမည်ဖြစ်ရာ မြန်မာ့ရင်သွေးငယ်များတွင် ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှု လျော့နည်းပြီး ဝက်သက်ရောဂါ လုံးဝလျော့နည်းပပျောက်သော နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် မိဘပြည်သူများမှ အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။ ။

ဒေါက်တာစိုးလွင်မြင့်မြင့်မြင့်ပြ – ညွှန်ကြားရေးမှူး(ကူးစက်)

- ရင်သွေးငယ်များအား ဝက်သက်ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းဖြစ်ပါသည်။
- ရင်သွေးငယ်များအား အသက်ကိုးလတွင် တစ်ကြိမ်၊ အသက် တစ်နှစ်ခွဲတွင် တစ်ကြိမ် ဝက်သက်ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပါ။

မြောင်းကူးတံတားနှင့် ကွန်ကရစ်လမ်းဖွင့်ပွဲ ဒလ၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သပြေကုန်းကျေးရွာ၌ ဇန်နဝါရီ ၇ ရက်က မဂ္ဂင်ရိပ်သာလမ်း မြောင်းကူး သံကူကွန်ကရစ်တံတားနှင့် ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

မြောင်းကူးသံကူကွန်ကရစ်တံတားကို ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ကျေးရွာစေတနာရှင်ပြည်သူတို့မှ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၀၈၃၁၀၀ ကုန်ကျပြီး မဂ္ဂင်ရိပ်သာလမ်း အရှည် ၇၆၃ ပေရှိ ကွန်ကရစ်လမ်းကို အလှူရှင် ဦးသက်နိုင်၊ ဒေါ်ခင်မြရီမိသားစုက ငွေကျပ် ၃၂၀၀၀၀၀ အကုန်ကျခံ လှူဒါန်းခဲ့ကြောင်း သိရသည်။

(၆၁၁)

မီးဘေးသင့်မိသားစုများအား ထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူဇာတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ သင်္ဃန်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်မိသားစုဝင်များထံသို့ သွားရောက်၍ နှစ်သိမ့်အားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ **(ယာပုံ)**နှင့် လိုအပ်သော စားသောက်ကုန်ပစ္စည်းများ၊ ဆန် ၇၃ အိတ်၊ ဆီ ၂၆ ပိဿာ၊ အဝတ်အထည် ၃၃၃ ထုပ်နှင့် ငွေကျပ် ၄၄၀၀၀၀ တို့ကို လက်ရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

ကလေး ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီး၍ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကလေးမြို့ မြတ်မေတ္တာမွန် စက်သုံးဆီအရောင်းဆိုင်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးငွေးဝေက မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ အချက်များကို ဟောပြောဆွေးနွေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ အကပြိုင်ပွဲ
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ပထဝီဝင် အထူးပြု)(ပထဝီဝင်)
- ၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၁၅ ၇။ "အလျော်အစား"
- ၅း၃၀ ၈။ "ဆိုင်ကလုန်းမုန်တိုင်း'သိမ်း' ဖြစ်စဉ်သုံးသပ်ချက်နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ မိုးလေဝသအခြေအနေ"
- ၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၃၃)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား"(အပိုင်း-၁၆)
- ၂၀။ အိန္ဒိယရုပ်ရှင် "မော်ကွန်းတင်တဲ့ ပိန်းဒါးစစ်သည်"(အပိုင်း-၂)
- ၂၁။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၂ ခုနှစ် ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသည် ကျန်းမာရေးဆိုင်ရာ အခန်းကဏ္ဍအရပ်ရပ်တွင် ကျွမ်းကျင်သူပညာရှင်များ၏ လေ့လာတွေ့ရှိချက်များကို ဖြန့်ဝေ၊ ဆွေးနွေး၊ နှီးနှောဖလှယ်သည့်ပွဲဖြစ်ကြောင်း၊ ဆေးသုတေသနဦးစီးဌာနများအတွက် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းသည် ဌာန၏ ပင်မတာဝန်ဖြစ်၍ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းအမျိုးမျိုးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းမှာရှိပြီးဖြစ်သည့် ရောဂါကုထုံးများ၊ နည်းပညာများကို အဆင့်မြင့်တိုးတက်လာအောင် လေ့လာဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိပြီး မြန်မာနိုင်ငံ၌ မရှိသေး၊ မစတင်ရသေးသည့် ကုထုံးများ၊ နည်းပညာများကို မိမိတို့တိုင်းပြည်နှင့်လျော်ညီမှုရှိအောင် စမ်းသပ်အကောင်အထည်ဖော်ရန် အခြားဦးစီးဌာနများအားလုံးကလည်း လက်တွဲပါဝင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနတွင်ရှိသည့် ဆေးသုတေသန ဦးစီးဌာနများ၏ (Institutional Level) စွမ်းဆောင်ရည်ကို နိုင်ငံတော်က မြှင့်တင်ပေးလျက်ရှိရာ ဓာတ်ခွဲခန်းများ၏ အဆင့်အတန်းမြှင့်တင်ပေးခြင်း၊ စာကြည့်တိုက်များ၏ အဆင့်အတန်းများမြှင့်တင်ပေးခြင်းများ ပါရှိကြောင်း၊ သုတေသီတစ်ဦးချင်း၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင်လည်း ပြည်ပအဖွဲ့အစည်း အထောက်အပံ့များ ယှဉ်ပြိုင်ရယူပြီး သုတေသနလုပ်ဆောင်နိုင်ရန် အားပေးခြင်း၊ ပြည်ပသို့ ပညာတော်သင်များ စေလွှတ်ခြင်းများပါဝင်ကြောင်း။

Symposium ခေါင်းစဉ်များအနေဖြင့် ယနေ့မျက်မှောက်ကာလ ရင်ဆိုင်ကြုံတွေ့နေရသည့် ကျန်းမာရေးပြဿနာများနှင့်ဆက်စပ်မှုရှိသည်ကို တွေ့ရပြီး ယင်းကျန်းမာရေးပြဿနာများကို ပညာရှင်များက ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင်အဖြေရှာ ဖော်ထုတ်သွားကြမည်ဆိုသည်ကိုတွေ့ရ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးမူဝါဒများချမှတ်ရာတွင် သုတေသန၏ အခန်းကဏ္ဍနှင့် သုတေသနကျင့်ဝတ်များအကြောင်း ထည့်သွင်းဆွေးနွေးကြမည်ဆိုသည်ကို သိရ၍ အားရကျေနပ်ပါကြောင်းဖြင့် ပြောကြားပြီး ခင်းကျင်းပြသထားသည့် သုတေသနပိုစတာပြပွဲနှင့် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲ ပထမနေ့နံနက်ပိုင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဆောင်ရွက်သည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ၁၇ ဦးတို့က စာတမ်း ၁၇ စောင်ကို ဖတ်ကြားတင်သွင်းကြပြီး ခွဲစိတ်မှုနှင့် ဓာတ်ပုံပုံရိပ်ဖော်မှု နည်းပညာနှင့်ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကိုလည်း ဆက်လက်ကျင်းပသည်။

အဆိုပါ ညီလာခံကို ဇန်နဝါရီ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆေးပညာသုတေသန စာတမ်း ၇၃ စောင်၊ ပိုစတာ ၂၄ စောင်ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ Symposium ကိုးခုကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဒိန်းမတ်ဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H. E. Mr. Christian Friis Bach နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲသောဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိစေရေး၊ ကျန်းမာရေး အသုံးစရိတ်များတိုးမြှင့်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစီမံချက်လုပ်ငန်းများအား အကျိုးရှိစွာအသုံးပြုနိုင်ရေး၊ နယ်မြေဒေသများရှိ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးမြှင့်တင်ရေး၊ ကျန်းမာရေးထောင်စုနှစ် ရည်မှန်းချက်ပြည့်မီစေရေးအတွက် မိခင်နှင့်ကလေး၊ မွေးကင်းစကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသများတွင် အရှိန်မြှင့်ဆောင်ရွက်ရာတွင် ဆက်လက်ပြီးပိုမိုပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြံခင်းမြို့နယ်အသင်း သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၉

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ နဝမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းအားကစားကွင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူး သုံးဘာသာနှင့်အထက်ရရှိကြသည့် အသင်းဝင်များ၏ သားသမီးများ ဗိုလ်မှူးကြီး စန်းလွင် (ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ ဦးစိန်ငွေး ဖုန်း-၀၁-၆၆၃၄၈၉၊ ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅၊ ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁နှင့် ဒေါ်ခိုင်ခိုင်စိုး ဖုန်း-၀၁-၆၆၀၇၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့ (၁၇)ရပ်ကွက် မြဝတီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ ခရိုင်ပြည်ခိုင်ဖြိုး ပါတီအတွင်းရေးမှူး ဦးအေးကြိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်မောင်နှင့် ရပ်မိရပ်ဖ ဦးကျော်မင်းတို့ ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(၅၄၀)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

နေပြည်တော် ဇန်နဝါရီ ၉

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၃ နိုင်ငံရှိပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း အီဂျစ်နိုင်ငံ၊ တရုတ်နိုင်ငံ (ဟောင်ကောင်)နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) လူသို့ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု။ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်အထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H_5N_1)လူသို့ ကူးစက်မှု ၅၇၄ ဦးရှိပြီး ၃၃၇ ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှု။** ယခင်ဖြစ်ပွားခဲ့မှုများအပေါ် လေ့လာသုံးသပ်ချက်အရ ဆောင်းခိုငှက်များလာရောက်ပြီး ပြန်လည်ထွက်ခွာသွားသည့် အချိန်ဖြစ်သော ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ဖြစ်ပွားလေ့ရှိခဲ့ကြောင်း တွေ့ရှိရသည်။

၃။ **ရောဂါကြိုတင်ကာကွယ်ရေး။** အောက်ပါအချက်များကို လိုက်နာပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိသည့်ဒေသများတွင် မွေးမြူထားသော ကြက်၊ ဘဲ၊ ငုံး စသည်တို့ကို ဆောင်းခိုငှက်များ၊ ငှက်ရိုင်းများနှင့် ထိတွေ့ဆက်စပ်မှုမရှိအောင် ဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံး စသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊ ခြံအတွင်းသို့ လူ၊ ယာဉ် အဝင်/အထွက် ထိန်းချုပ်ရန်။

(ဂ) ဥဗန်း၊ ကြက်ခြင်း စသည့် ခြံသုံးပစ္စည်းများကို သန့်စင်ပိုးသတ်ပြီးမှ ခြံအတွင်းသွင်းရန်၊ ခြံဝင်း ဝင်/ထွက်ပေါက်နှင့် ခြံအဆောက်အအုံ အဝင်ဝတို့တွင် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးကန်/ဆေးဗန်း ထားရှိရန်။

(ဃ) ကြက်ငှက်မွေးမြူရေးခြံအတွင်းနှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(င) ကြက်ခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း ပြုလုပ်ရန်။

(စ) ကြက်ငှက် အသား၊ ဥ စသည်တို့ကို ကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်။

(ဆ) ကြက်ငှက်များ ရုတ်တရက် သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

နေအိမ်သုံးအလှဆင်ကြွေပြား သုံးစွဲမှုခေတ်စား

ရန်ကုန် ဇန်နဝါရီ ၉

နေအိမ်တိုက်တာအဆောက်အအုံများ လှပမှုနှင့် သန့်ရှင်းသပ်ရပ်ကောင်းမွန်စေရန်အတွက် ယခုအခါ အိမ်အလှဆင် ကြွေပြားများသုံးစွဲမှု ပိုမိုခေတ်စားလာကြသည်။ အိမ်အလှဆင်သူများက အရောင်အသွေးစုံသော ကြွေပြားများကို ရွေးချယ်အသုံးပြုကြရာတွင် ပြည်တွင်းသုံးကြွေပြားများအနက် မလေးရှားနိုင်ငံထုတ် ဝိုက်ဟော့ခ်ကြွေပြားမှာ လူကြိုက်များသည်။ အဆိုပါကြွေပြားများကို မြန်မာနိုင်ငံမှ ချန်ပီယံ ဆောက်လုပ်ရေးသုံးပစ္စည်းလုပ်ငန်းမှ အဓိကတင်သွင်းခဲ့ရာ သုံးစွဲမှုများပြားလာသည်။ ထိုကြွေပြားရောင်းအားမြင့်မားမှုကို ဂုဏ်ပြုသည့်အနေဖြင့် ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ဂရု(ပ်)မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ချန်ပီယံဆောက်လုပ်ရေးသုံးပစ္စည်းလုပ်ငန်း၊ မလေးရှားနိုင်ငံ ဝိုက်ဟော့ခ်ကုမ္ပဏီမှ တာဝန်ရှိသူများအပြင် ဆောက်လုပ်ရေး၊ ဟိုတယ်၊ ကုမ္ပဏီများနှင့် အိမ်ဆောက်ပစ္စည်းလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ကွမ်းခြံကုန်း ဇန်နဝါရီ ၉

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်

ကလေးပြိုင်ပွဲ ဆုချီးမြှင့်

ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆုရရှိသော ခြူးခြူးပြည့်ဇော်၊ ဂျူဂျူပြည့်ဇော် အမြွှာညီအစ်မနှစ်ဦးအား ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်လင်းက ဆုချီးမြှင့်ကြောင်း သိရသည်။ **(ဓါတ်ပုံ)** (မြို့နယ်ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

တိပိဋကဓရ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဖူးမြော်ကြည်ညို

ရန်ကုန်　ဇန်နဝါရီ　၉

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့နံနက် ၈ နာရီခွဲတွင် (၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ကျင်းပသည့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ သွားရောက်၍ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် အာဂုံပြန်ဆိုလျက်ရှိကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယနေ့ကျင်းပသော တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် စာပြန်သံဃာတော် အဘိဓမ္မာ(ဒုတိယပိုင်း)နှစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း)လေးပါး၊ ဒီဃနိကာယ်ပထမ အသုတ်သုံးပါး၊ ဝိနည်း(ပထမပိုင်း) ပထမအသုတ် ၃၈ ပါး၊ ဝိနည်း(ဒုတိယပိုင်း)ပထမအသုတ် ၃၄ ပါး စုစုပေါင်း ၈၁ ပါး အာဂုံပြန်ဆိုကြသည်။

အဆိုပါ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ဖေဖော်ဝါရီ ၈ ရက်ထိ ၃၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် အာဂုံပြန်ဆိုလျက်ရှိကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကွန်ပျူတာနှင့် ပရင်တာများ လှူဒါန်းပွဲနှင့် တက္ကသိုလ်ပညာသင်ဆုထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်　ဇန်နဝါရီ　၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များနှင့် အခြေခံပညာအလယ်တန်းကျောင်းများသို့ ကွန်ပျူတာနှင့် ပရင်တာများ ပေးအပ်လှူဒါန်းပွဲနှင့် ရွှေဇေယျာတက္ကသိုလ် ပညာသင်ဆု ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းအတွက် ကွန်ပျူတာနှင့် ပရင်တာများကို လှူဒါန်းပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ငွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အထက်တန်းကျောင်း(ခွဲ)များ၊ အလယ်တန်းကျောင်းများ၊ မြို့နယ်ပညာရေးမှူးရုံးနှင့် ဇေယျာရတနာငွေစုငွေချေးအသင်းတို့အတွက် ကွန်ပျူတာနှင့် ပရင်တာများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ရေကြောင်းပညာတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်၊ ရတနာပုံဆိုင်ဘာစီးတီးနှင့် နည်းပညာကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂ ဦးတို့အတွက် ၂၀၁၂ ခုနှစ် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် အရင်းမပျောက် မတည်ငွေပဒေသာပင် စိုက်ထူလှူဒါန်းငွေများကို ရွှေဇေယျာတက္ကသိုလ်ပညာသင်ဆု ထောက်ပံ့ကြေးချီးမြှင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းကြည်ထံ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် သုခကာရီကျန်းမာရေးနှင့် သုခကာရီလူမှုရေးဆောင်ရွက်မှုအသင်းတို့သို့ ကွန်ပျူတာ၊ ပရင်တာနှင့် ငွေပဒေသာပင်အလှူငွေများကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

ယနေ့ လှူဒါန်းပွဲတွင် စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေးကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း ရှစ်ကျောင်း စုစုပေါင်းကျောင်း ၂၀ အတွက် ကွန်ပျူတာနှင့် ပရင်တာ အစုံ ၂၀ နှင့် မြို့နယ်ပညာရေးမှူးရုံး၊ ဇေယျာရတနာငွေစုငွေချေးအသင်း၊ သုခကာရီကျန်းမာရေးနှင့် သုခကာရီလူမှုရေးဆောင်ရွက်မှုအသင်းတို့အတွက် ကွန်ပျူတာနှင့် ပရင်တာသုံးစုံ စုစုပေါင်း ၂၃ စုံကို လှူဒါန်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် အရင်းမပျောက် မတည်ငွေပဒေသာပင် စိုက်ထူလှူဒါန်းငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဖူဆယ်အလွတ်တန်းပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိသည့် ကစင်ကျေးရွာအသင်းအား ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ကော်မတီဝင် ဦးဉာဏ်ဝင်း ဆုချီးမြှင့်စဉ်။

(၃၂၉)

လွတ်လပ်ရေးနေ့ ဆုပေးပွဲများ ကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၉

ရန်ကုန်မြို့ အင်းစိန်မြို့နယ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဆုပေးပွဲများကို အထက(၁) ဘောလုံးကွင်း မြက်ခင်းပြင်၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်များမှ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်နိုင်မှုတွင် ဆုရရှိသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ဘောလုံးအားကစားပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၆၈၄)

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

ဝင်ရိုးစွန်းကို ရောက်ရှိနေသကဲ့သို့ ခံစား၊ စံစားရမည့် မြန်မာပြည်၏ ပထမဦးဆုံး ရေခဲပြင်ရုပ်တုပြခန်း ဖွင့်လှစ်တော့မည်

သတင်းမှတ်စု
ကိုကြီးသာ

အပူပိုင်းဇုန်ဖြစ်သော မြန်မာနိုင်ငံတွင် ရေမခဲနိုင်၍ သဘာဝရေခဲပြင် မရှိသော်လည်း ယခုအခါ မြောက်ဝင်ရိုးစွန်း၊ တောင်ဝင်ရိုးစွန်းသို့ သွားရောက်လေ့လာ အပန်းဖြေနေရသကဲ့သို့ ခံစားနိုင်ရန် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ပျော်ရွှင်စရာရေခဲကမ္ဘာ ရေခဲရုပ်တုပြပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးပန်းခြံဝင်း အတွင်း (ဆင်ဖြူတော် ကျောက်ရုပ်များ)၌ စတင်ဆောက်လုပ်နေပြီး မကြာမီ ဖွင့်လှစ်ပြသနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေခဲရုပ်တုပြခန်းတွင် လက်ရာမြောက်သော စိတ်ဝင်စားဖွယ်ရာ ရေခဲရုပ်တုများကို ပြသထားမည် ဖြစ်သည်။ ရုပ်တုများတွင် ကမ္ဘာ့အထင်ကရ အဆောက်အအုံပုံစံများ၊ လူအများစိတ်ဝင်စားမည့် ပုံစံများနှင့် မြန်မာနိုင်ငံမှ အထင်ကရဖြစ်သော Land Mark အချို့ကိုလည်း ရေခဲရုပ်တုများအဖြစ် ထုလုပ်ပြသပေးထားမည်ဖြစ်သည်။ ရေခဲရုပ်တုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟာဘင်းမြို့မှ ရေခဲရုပ်တုပညာရှင်များက ထုလုပ်သွားမည်ဖြစ်ကာ မြန်မာပြည်တွင်းမှ ပန်းပုပညာရှင်များကိုလည်း ပါဝင်ထုလုပ်နိုင်ရန် စီစဉ်သွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ဒီပျော်ရွှင်စရာ ရေခဲကမ္ဘာ ရေခဲရုပ်တုပြပွဲကို မြေတစ်ဧက အကျယ်ရှိ ၁၉၂ပေ × ၁၃၅ပေနဲ့ အမြင့် ပေ ၂၀ ရှိတဲ့ အဆောက်အအုံထဲမှာ (-၅) မှ (-၁၀) ဒီဂရီစင်တီဂရိတ်အထိ အမြဲတမ်းအေးနေအောင် အအေးကို ထိန်းထားမှာပါ။ ကြမ်းပြင် အခင်းနဲ့ နံရံတွေကိုလည်း ရေခဲတွေနဲ့ပဲ ပြုလုပ်သွားမှာပါ။ အခု တရုတ်ပြည်က ပညာရှင်တွေလည်း ရောက်ရှိနေပါတယ်။ အခု တည်ဆောက်မှုက ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်" ဟု Asia Myanmar Consortium Development Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောပြသည်။

မြန်မာနိုင်ငံမှ ပျော်ရွှင်စရာ ရေခဲကမ္ဘာပြပွဲသည် အရှေ့တောင်အာရှနိုင်ငံများထဲတွင် စတုတ္ထမြောက်အဖြစ် စီစဉ်ပြသခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အဆိုပါ ရေခဲရုပ်တုပြပွဲများကို ပြသခဲ့ပြီးဖြစ်သည်။ နည်းပညာနှင့် ရုပ်တုလက်ရာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း ဟာဘင်းမြို့မှ ရေခဲရုပ်တုပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံး စီစဉ်ပြသမည့် ပျော်ရွှင်စရာ ရေခဲကမ္ဘာ ရုပ်တုပြပွဲ ပုံစံငယ်ကို တွေ့ရစဉ်။

တောင်ငူမြို့ မြင့်မြတ်စတိုး မိသားစုက တတိယအကြိမ် လှူဒါန်းမှုအဖြစ် ငွေကျပ်ငါးသိန်း၊ ငွေကျပ် ၁၅ သိန်းကျော် တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ ကျောင်းဝတ်စုံ ဖြူစိမ်း၊ အနွေးထည် အပါအဝင် အဝတ်အထည်မျိုးစုံကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက တောင်ငူမြို့ (၁၈)ရပ်ကွက် ဇေယျာသီရိ မိဘမဲ့ (အမျိုးသမီး) စောင့်ရှောက်ရေးကျောင်းသို့ လှူဒါန်းစဉ်။

(၁၂၉)

○ ကျော်ဖုံးမှ

ကျင့်သုံးရတော့မည်ဖြစ်သည့်အလျောက် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများအားလုံးနှင့် ရေနံမြေများအားလုံးက အကျိုးအမြတ်ရရှိနိုင်မည့် လုပ်ငန်းများကို နည်းလမ်းရှာဖွေလုပ်ကိုင်ပြီး အလေအလွင့်များကို ကြိုးပမ်းထိန်းသိမ်းသွားကြရန်၊ ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အကျိုးမဖြစ်စေသည့် အသုံးစရိတ်များ လျှော့ချရန် တိုက်တွန်းမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် မန်းရေနံမြေအတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော MPRL ကုမ္ပဏီ၏ မန်းအရှေ့ ပေနက်တွင်း သစ်အမှတ်(၁) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တွင်းတူးဖော်ရာတွင် မြေအောက်မှ ကြီးမားသော တွန်းကန်အားနှင့် အပူချိန်တို့အား ဆန့်ကျင်တူးဖော်နေရသော အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းရှာဖွေ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ငွေကြေးများစွာရင်းနှီးမြှုပ်နှံပြီး ဤဒေသတွင် ယခင်က စမ်းသပ်နိုင်ခဲ့ခြင်းမရှိသေးသော ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် သဲကြောသစ်များ ကြိုးပမ်းရှာဖွေနေမှုကို အားပေးကြောင်းနှင့် ရည်မှန်းချက်အနက်ပေသို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံအထက်လွှတ်တော် (HOUSE of Councillors) အမတ် Mr. Hirohiko NAKAMURA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မိုဘိုင်းဆက်သွယ်မှုစီမံကိန်းရုံး ပန္နက်တင်နှင့် အုတ်မြစ်စီမင်္ဂလာအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့၌ တည်ဆောက်မည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရတနာပုံတယ်လီပို့မြေလတ်ဒေသ မိုဘိုင်းဆက်သွယ်မှုစီမံကိန်းရုံး ပန္နက်တင်နှင့် အုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ အုတ်မြစ်စီပေးသည်။

ထို့နောက် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေများနှင့် ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ မြိုင်မြို့နယ် ဇေယျတုမျက်စိဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်ကိုးသိန်းလှူဒါန်းပြီး အေဝမ်း ဆောက်လုပ်ရေးကုမ္ပဏီက လူနာများအတွက် အောက်ဆီဂျင်စက်နှင့် ဆေးရုံအတွက် လျှပ်စစ်မီးစက်တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဒိန်းမတ်ဝန်ကြီး တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Christian Friis Bach သည် ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Christian Friis Bach လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၉

အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh, PVSM, AVSM. YSM .ADC နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၆ ရက်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် ဇန်နဝါရီ ၇ ရက်တွင် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်တို့သို့ ကြည့်ရှုလေ့လာကြသည်။

အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၈ ရက်တွင် မုံရွာမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို၍ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ပန်းခွေချအလေးပြုကြပြီး ညနေပိုင်း၌ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ အိန္ဒိယနိုင်ငံ စစ်သံမှူး Colonel Rajesh Kumar နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ဥပဒေနှင့် ညွှန်ကြားချက်များ ရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ ဥပဒေနှင့်ညွှန်ကြားချက်များရှင်းလင်းပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးစိန်မောင်းက အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဝင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ သဘာဝဓာတ်ငွေ့မှ

သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်နိုင်ရန် မြေပြင်အောက်ဘက်ရှိ ကျောက်တုံးများနှင့် ကျောက်သားလွှာများ ပွင့်သွားစေရန်အတွက် သဲနှင့် ရေတို့ကို ရောစပ်ကာ ဟိုက်ဒရောလစ်နည်းစနစ်ဖြင့် ထိုးသွင်းပေးသော နည်းစနစ်ကို အသုံးပြုကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်နေရာအနီးတစ်ဝိုက်တွင် မြေငလျင်လှုပ်မှုများကို ဖြစ်ပေါ်စေကြောင်း မက်ဂါးက ပြောကြားသည်။

ပြောကြား

အဆိုပါ နည်းစနစ်သည် သဘာဝပတ်ဝန်းကျင်ပျက်စီးသော ဆင့်ပွားဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ နှစ်သစ်ကူးအကြိုနေ့က လှုပ်ခဲ့သော မြေငလျင်၏ ဗဟိုချက်သည် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်သည့်နေရာမှ ဝေးကွာခြင်းမရှိကြောင်း၊ အိုဟိုင်းယိုးပြည်နယ်၌လှုပ်ခဲ့သော မြေငလျင်များ၏ တုန်ခါမှုသည် ဝေးလံသော ပင်ဆယ်ဗေးနီးယားပြည်နယ်အထိ ရောက်ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

အမေရိကန်နိုင်ငံ၌ သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၁၂ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"သူတော်ကောင်းအလှူ" တရားတော် (ဆရာတော်မြေဒူတဒေါက်တာ အရှင်ပညိဿရ)
၆း၃၅	နိဗ္ဗာန်သို့ရည်မျှော် ပန်းစေတီနဲ့ပူဇော်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၂)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၅)**
၈း၄၅	Four FLAVOURS Show (Part-1)
၉း၂၅	Cartoon Show Time
၁၀း၀၅	Activities in The City
၁၀း၂၀	မြတ်ဆရာပူဇော်ပွဲ ထန်းတပင် အထက
၁၀း၄၀	Celebrity Style
၁၀း၅၅	လှပသန့်ရှင်းသော အသားအရေ ပိုင်ဆိုင်ဖို့အတွက် Diane 35
၁၁း၁၀	Activities in The City
၁၁း၂၅	ပေါက်ကုန်းကြီးကျေးရွာဆီက ပညာ့အလင်းကျောင်းတော်သာ
၁၁း၃၅	Activities in The City
၁၁း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၀)**
၁၂း၂၅	ရွှေဟင်္သာကျောင်းတိုက်၏ တိုက်သစ်တည်စိန်ရတုသဘင်
၁၂း၄၀	သင်ကြားရေးလမ်းညွှန်
၁၂း၅၅	သုံးပန်လှအောင် သော်တာ သီလရှင်စာသင်တိုက်၏ သီလရှင်ဝတ်စုံအလှူတော်မင်္ဂလာ
၁း၀၀	"သူတော်ကောင်းအလှူ" တရားတော် (ဆရာတော်မြေဒူတဒေါက်တာ အရှင်ပညိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	A Journey to Beijing (Part-1)
၂း၄၅	စာအုပ်ပြခန်း
၃း၀၅	တောင်ငူ GTI/GTC မိသားစု၏ အာစရိယပူဇော်ပွဲ
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၂)**
၄း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၅)**
၅း၀၀	ရန်ကုန်မြင်ကွင်းကျယ်
၅း၁၅	မြတ်ဆရာများ၏ကျေးဇူးဂုဏ်ရည် အထက(၂)ဗိုလ်တထောင်
၅း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၀)**
၆း၀၀	MRTV-4 သတင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၃)**
၇း၁၅	Four FLAVOURS Show (Part-2)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Celebrity Choice
၈း၅၀	ရန်ကုန်မြင်ကွင်းကျယ်
၉း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၆)**
၁၀း၁၅	The Champion of Dance
၁၀း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၁)**
၁၁း၂၀	အနုပညာမိုးကောင်းကင်
၁၁း၅၀	လှမ်းခဲ့ပါဆွေ "မနောမြေ"
၁၁း၅၅	World of Knowledge
၁၂း၄၅	3D ကျွဲကော
၁း၀၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁း၂၅	**တစ်ပြည်ဝင်အိုး**
၁း၅၀	နှလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၂း၀၅	လှုပ်ရှားမှုစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
၂း၃၀	ဆင်စွယ်ပန်းပုအခြေပြု လူ့လောကိုအလှဆင်မည်
၂း၅၀	မြန်မာနိုင်ငံ၏တစ်ခုတည်းသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	မြန်မာ့မူလက်ရာပန်းတဉ်းပညာ
၄း၃၅	အယသမင်္ဂီတို့ဖြစ်တည်ရာ. . .
၄း၄၅	တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
၅း၀၀	အစီအစဉ်ပြီး။

နေပြည်တော် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခင်နှင့် တာဝန်ရှိသူများ ဖမ်းဆီးသိမ်းဆည်းရမိသည့် ဗွီစီဒီ၊ ဒီဗွီဒီချပ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖမ်းဆီးရမိ ဆင်ဆာမဲ့ ဒီဗွီဒီ၊ ဗွီစီဒီအခွေများ ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၉

ဖမ်းဆီးသိမ်းဆည်းရရှိသည့် တရားမဝင် ဆင်ဆာမဲ့ဗွီစီဒီ၊ ဒီဗွီဒီချပ်များ ဖျက်ဆီးသည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အောင်မင်္ဂလာ ယာဉ်ရပ်နားစခန်းအနီး၌ ကျင်းပရာ နေပြည်တော် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခင်နှင့် ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မှူး၊ စခန်းမှူးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖမ်းဆီးသိမ်းဆည်းရမိသည့် ဗွီစီဒီ၊ ဒီဗွီဒီချပ်များကို ကြည့်ရှုစစ်ဆေး၍ ဆင်ဆာမဲ့ ဗွီစီဒီ၊ ဒီဗွီဒီ ၁၂၅၆၂ ချပ်ကို ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

CEO Classic Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ CEO Group မှ အဓိကကူညီပံ့ပိုးသော CEO Classic Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားပြီး CEO Group ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ CEO Group ဒါရိုက်တာများဖြစ်ကြသော ဦးမင်းဟန်နှင့် ဦးမြင့်လွင်တို့က အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိသူများအားလည်းကောင်း၊ CEO Group ဒါရိုက်တာများ ဖြစ်ကြသော ဒေါက်တာစိုးမြင့်နှင့် ဦးသောင်းစိန်တို့က Professional ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိသူများအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အမျိုးသား အပျော်တမ်းပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယရရှိသော မောင်မောင်ဦး၊ စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် ဒုတိယရရှိသော သိန်းနိုင်စိုး၊ စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ပထမရရှိသော မျိုးဝင်းအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အပေါ်ယာပုံ)**က Professional ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၆ ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် ဒုတိယရရှိသော ယဉ်အောင်လတ် (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ပထမရရှိသော ဇော်ဇော်လတ် (Srixon)တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး CEO Group ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက Professional ပြိုင်ပွဲ၌ ပထမရရှိသော ဇော်ဇော်လတ် (Srixon) အား ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ကာ ဇော်ဇော်လတ်က ကျေးဇူးတင်စကား ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ချီးမြှင့်သော အမှတ်တရလက်ဆောင်ကို မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ကပေးအပ်ရာ CEO Group ဒါရိုက်တာ ဦးမင်းဟန်က လက်ခံသည်။ CEO Group ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက Royal Mingalardon Golf & Country Club သို့ အမှတ်တရ လက်ဆောင်ပေးအပ်ရာ အထွေထွေမန်နေဂျာ ဦးသိန်းအောင်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ပ အားကစားသတင်း ပြည်ပ အားကစားသတင်း

ချယ်လ်ဆီးတိုက်စစ်မှူး ဆော်လမွန်ကာလူးကို ပေါင် သုံးသန်းဖြင့် အာဆင်နယ်ကမ်းလှမ်း

လန်ဒန် ဇန်နဝါရီ ၉

အာဆင်နယ်အသင်းသည် ချယ်လ်ဆီးနှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုရန် မအောင်မမြင်ဖြစ်ခဲ့ရသည့် ဆော်လမွန်ကာလူးကို ပေါင်သုံးသန်းဖြင့် ခေါ်ယူရန် ချယ်လ်ဆီးအသင်းထံ ကမ်းလှမ်းမှု ပြုလုပ်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ တိုက်စစ်မှူးကာလူး၏ တစ်ပတ်လုပ်ခလစာပေါင် ၉၀၀၀၀ ဖြင့် စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် ကာလူးအား အမ်းမရိတ်သို့ ခေါ်ယူနိုင်ရန် ချယ်လ်ဆီးအသင်း တာဝန်ရှိသူများနှင့် တရားဝင် ဆွေးနွေးမှု စတင်ပြုလုပ်နေပြီ ဖြစ်သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ကာလူး

ထို့ပြင် အာဆင်နယ်အသင်းသည် ၎င်းတို့၏ ဂန္ထဝင်ကစားသမားဟောင်း ဟင်နရီကိုလည်း အငှားစာချုပ်ဖြင့် ခေါ်ယူထားပြီး ယခုထပ်မံ၍ ကိုလုံးအသင်း တိုက်စစ်မှူး လူးကတ် ပိုဒေါစကီးကိုပါ ပေါင် ရှစ်သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ဂျာမန်ကလပ် ကိုလုံးအသင်း တိုက်စစ်မှူး ပိုဒေါစကီးသည် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် ရည်ရွယ်၍ ဂျာမန်ကလပ်တွင် ယခုနှစ်ဘောလုံးရာသီ ကုန်ဆုံးချိန်ထိ ကစားရန်ဆန္ဒရှိနေသော်လည်း ကိုလုံးအသင်း၏ ညွှန်ကြားရေးမှူး ကလော့ဟော့စ်တမန်းက ၎င်းအား ပရီမီယာလိဂ်သို့ သွားရောက်ကစားစေလိုသည်။

ပိုဒေါစကီးသည် ယခုနှစ် ဘောလုံးရာသီအတွင်း ကိုလုံးအသင်းတွင် ၁၆ ပွဲ ပါဝင်ကစားပြီး ၁၄ ဂိုး သွင်းယူထားနိုင်ခဲ့သည်။

အင်တာနက်။

ဟိန်းထက်လင်း

ကျူပီအာ ကွင်းလယ်ကစားသမား ဖောလင်း ဒူးအရွတ်ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၉

ကျူပီအာ ကွင်းလယ်ကစားသမား အလီဂျန်ဒရိုဖောလင်းသည် ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိကြောင်း ကျူပီအာအသင်း တာဝန်ရှိသူများက ဆိုသည်။

အသက်(၂၅)ရှိ ဖောလင်းသည် အဆိုပါဒဏ်ရာအား ဇန်နဝါရီ ၇ ရက်က ကစားခဲ့သော အက်ဖ်အေဖလား တတိယအဆင့် ရိန်းဂျားအသင်းနှင့်ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်အတွင်း ရရှိခဲ့ခြင်းဖြစ်သည်။ ရိန်းဂျားအသင်းသည် ကျူပီအာအသင်းကို အိမ်ကွင်း အမ်ကေ၌ လက်ခံကစားခဲ့ရသော်လည်း ၁-၁ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ထို့ပြင် ရိန်းဂျားအသင်းသည် အသင်း၏ ရလဒ်ပိုင်းများကို အားရကျေနပ်မှုမရှိသဖြင့် နည်းပြ နေးလ်ဝါးနော့ခ်အား ထုတ်ပယ်ခဲ့ပြီး မာ့ခ်ဟုခ်ကို နည်းပြသစ် အဖြစ်ခန့်အပ်ရန် ပြင်ဆင်နေသည်။ ***အင်တာနက်။***

ကျူပီအာ ကွင်းလယ်ကစားသမား ဖောလင်း

ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

ကျော်သက်ဦး၏ဂိုးဖြင့် ဟံသာဝတီအမှတ်ပြည့်ယူ

ရန်ကုန် ဇန်နဝါရီ ၉

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁) နောက်ဆုံးနေ့ပွဲစဉ်ကို ယနေ့ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဟံသာဝတီယူနိုက်တက် - တစ်ဂိုး (ကျော်သက်ဦး)
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

ဇွဲကပင်တိုက်စစ်မှူး ပီတာနှင့် ဟံသာဝတီနောက်ခံလူ ညီညီအောင်တို့ ခေါင်းချင်းယှဉ် အတိုက်။

၂၀၁၁ ရာသီ အမှတ်ပေးပြိုင်ပွဲတွင် ပဥ္စမနေရာရရှိခဲ့သည့် ဟံသာဝတီယူနိုက်တက် (ယခင်ဥသာယူနိုက်တက်) အသင်းမှာ တစ်လုံးတည်းသော ဂိုးဖြင့် အမှတ်ပြည့်ရသွားသည်။ ဟံသာဝတီအသင်းမှာ ယမန်နှစ်ကခြေစွမ်းမျိုးမရသေးသော်လည်း ပွဲအစ ၁၀ မိနစ်တွင် ရရှိခဲ့သောဂိုးဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။

ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် ဇွဲကပင်အသင်းမှာလည်း ပုံမှန်ခြေစွမ်းမျိုးမရသေးဘဲ ပွဲဦးထွက်ပွဲဆိုလျှင် ရှုံးပွဲကြုံတွေ့တတ်သည့် အစဉ်အလာအတိုင်း နိုင်ပွဲမရရှိခဲ့ပေ။ ပြည်တွင်း အမာခံကစားသမားများ ထွက်ခွာသွားသည့် ဟံသာဝတီအသင်းမှာ အားပျော့နေခဲ့ပြီး အသစ်ခေါ်ထားသည့် တိုက်စစ်မှူး စတန်လေမှာလည်း ယခင်တိုက်စစ်မှူး လစ်ပီလစ်ပီကဲ့သို့ ခြေစွမ်းမပြနိုင်သောကြောင့် ဟံသာဝတီတိုက်စစ် အားပျော့ခဲ့ရသည်။ ဟံသာဝတီအတွက် အနိုင်ဂိုးကို ပွဲအစ ၁၀ မိနစ်တွင် ဂိုးသမား ရဲဖြိုးအောင်၏ အမှားမှ တစ်ဆင့် ကျော်သက်ဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။

၁၃-၁-၂၀၁၂
(ပဒုမ္မာကွင်း)
မကွေး-ရတနာပုံ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ကူဝိတ်၌ ကျင်းပမည့် ပြိုင်ပွဲသို့ မြန်မာသေနတ်ပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၉

၂၀၁၂ ခုနှစ် မတ်လတွင် ကူဝိတ်နိုင်ငံ၌ ကျင်းပမည့် Kuwait International Shooting Grand Prix ပြိုင်ပွဲသို့ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီ ခေါင်းဆောင်၍ အားကစားသမားများအဖြစ် မောင်ကြူး၊ နေထက်အောင်၊ လင်းအောင်၊ အောင်ငြိမ်းနီနှင့် အေးအေးသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဇန်နဝါရီ ၄ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပရာ လမ်းလျှောက်ပြိုင်ပွဲတွင် ဆရာ၊ ဆရာမများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (မှတ)

"သိမ်း"မုန်တိုင်းမိုးကြောင့် တောင်တွင်းကြီး၌ နှမ်းများ သတ်မှတ်ချိန်ထက်စောစိုက်နိုင်

တောင်တွင်းကြီး ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်မြို့နယ်များမှ ကျေးရွာအချို့တွင် ယခင်နှစ်များက နှမ်းများကို ဖေဖော်ဝါရီလဆန်းမှ ရေသွင်းထွန်ယက်စိုက်ပျိုးခဲ့ရသော်လည်း ယခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ "သိမ်း"မုန်တိုင်းမိုးကြောင့် ဇန်နဝါရီ ပထမပတ်မှစတင်၍ တောင်သူကြီးများ ထွန်ယက်စိုက်ပျိုးခဲ့ရာ ဇန်နဝါရီတတိယပတ်အတွင်း နှမ်းများစိုက်ပျိုးပြီးစီးနိုင်ကြောင်း ကုက္ကိုခွကျေးရွာမှ ဒေသခံ တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

နှမ်းတစ်ဧကလျှင် ကိုးတင်းမှ ၁၂ တင်းအထိထွက်ရှိနိုင်ကြောင်းနှင့် ယခင်နှစ်ကထက် စောစိုက်နိုင်သဖြင့် နှမ်းများစောပေါ်မည်ဖြစ်ပြီး ဈေးကောင်းရနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဒုတိယမန်နေဂျာ ဦးကြည်မြင့်၏ ပြောကြားချက်အရ သိရသည်။ (၅၈၀)

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးအမှု ၂၁၄ မှု တရားခံ ၃၂၉ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဇန်နဝါရီ ၉

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်းမှ မူးယစ်ဆေးဝါး အမှုပေါင်း ၂၁၄ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်းမှု ၅၀ (အလေးချိန် ၂၀ ဒသမ ၃၈၁၂ ကီလို)၊ ဘိန်းဖြူ ၄၇ မှု (အလေးချိန် ၁ ဒသမ ၇၂၀၆ ကီလို)၊ ဘိန်းဆီခဲ လေးမှု (အလေးချိန် ဝ ဒသမ ၄၆၄၂ ကီလို)၊ အဆင့်နိမ့်ဘိန်း ငါးမှု (အလေးချိန် ၂ ဒသမ ၄၃၅၁ ကီလို)၊ ဆေးခြောက် ၁၂ မှု (အလေးချိန် ၆ ဒသမ ဝ၉၇၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ မှု (၂၄၈၄၃၉ ဒသမ ၅ ပြား)၊ ဘိန်းစာမှုန့် ခုနစ်မှု (အလေးချိန် ၁၄ ဒသမ ၈၁၄၈ ကီလို)၊ ဘိန်းရည်(ဝ ဒသမ ၃၃ လီတာ)၊ အယ်ပရာဇိုလမ် တစ်မှု (၃၄ ပြား)၊ ဒိုင်ယာဇီပင်ထိုးဆေး (၁၄ ပုလင်း)၊ မော်ဖင်းထိုးဆေး (၁၃ ပုလင်း)၊ ဆူဒိုအက်ဖီဒရင်း ငါးမှု (၆၃၅ ဒသမ ၄၉ ကီလို)၊ အိုက်(စ်) လေးမှု (အလေးချိန် ၇ ဒသမ ဝဝ၉၆ ကီလို)၊ အီသိုင်းအီသာ တစ်မှု (၁၁၂ဝ လီတာ)၊ အက်ဖီဒရင်း (အလေးချိန် ၄ ဒသမ ၅ ကီလို) ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၂၁၄ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၇၆ ဦး၊ မ ၅၃ ဦး စုစုပေါင်း ၃၂၉ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်အထက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် ဒိန်းမတ်နိုင်ငံဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ အထက်လွှတ်တော် (HOUSE of Councillors) အမတ် Mr. Hirohiko NAKAMURA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်(၁) ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အလားတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး Mr. Christian Friis Bach ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ်ပိုင်အရင်းအနှီးဖြင့် ရပ်တည် လုပ်ငန်းလည်ပတ်၍ အမြတ်အစွန်းရရှိအောင် ဆောင်ရွက်ရမည့်စနစ်ကျင့်သုံးရတော့မည်

အကျိုးအမြတ်ရနိုင်မည့်လုပ်ငန်းများကို နည်းလမ်းရှာလုပ်ကိုင်ပြီး အလေအလွင့်များထိန်းသိမ်း

နေပြည်တော် ဇန်နဝါရီ ၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက ကုန်ကြမ်းသဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားရရှိမှု၊ ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်နိုင်မှု၊ လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအချိုးတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်ချက်များတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများကို စီးပွားရေးဆန်ဆန် တွက်ခြေကိုက်အောင်ဆောင်ရွက်ကြရန်၊ လုပ်ငန်းအတွက် အနည်းဆုံးလိုအပ်ချက်ဖြစ်သည့် ဝန်ထမ်းခန့်ထားရေးကိုဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အရည်အသွေးပြည့်မီအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် မှာကြားပြီး စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းဘူးမြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေအစည်းအဝေးခန်းမ၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရေနံအထွက်တိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နိုင်သည့် နည်းလမ်းနှင့် လုပ်ငန်းခွင်အခြေအနေများကို ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအလိုက်ညွှန်ကြားရေးမှူးများနှင့် ရေနံမြေအထွေထွေမန်နေဂျာများက တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကိုယ်ပိုင်အရင်းအနှီးဖြင့် ရပ်တည်လုပ်ငန်းလည်ပတ်၍ အမြတ်အစွန်းရရှိအောင် ဆောင်ရွက်ရမည့်စနစ်တစ်ခုကို **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မင်းဘူးမြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရေနံအထွက်တိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်တွင်းသတင်း စာမျက်နှာ ၃

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် ရရှိရေး တရုတ်နှင့်တောင်ကိုရီးယားဆွေးနွေးမည်

"သုံးပွင့်ဆိုင် ကုန်သွယ်ရေးသဘောတူညီချက် ပေါ်ထွန်းရေးအတွက် ကုန်သွယ်ရေးဆွေးနွေးပွဲများ ကျင်းပသွားမည်"

နိုင်ငံတကာသတင်း စာမျက်နှာ ၄

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ ကျင်းပ

"ဆေးပညာသုတေသန စာတမ်း ၇၃ စောင်နှင့် ပိုစတာ ၂၄ စောင်ကို ဖတ်ကြားတင်သွင်းကြမည်"

ပြည်တွင်းသတင်း စာမျက်နှာ ၇

ကျူပီအာ ကွင်းလယ်ကစားသမား ဖောလင်း ဒူးအရွတ်ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

"ဇန်နဝါရီ ၇ ရက်က ကစားခဲ့သော အက်ဖ်အေဖလား တတိယဆင့် ရိန်းဂျားအသင်းနှင့် ယှဉ်ပြိုင်စဉ် ရရှိခဲ့ခြင်းဖြစ်"

နိုင်ငံတကာအားကစား စာမျက်နှာ ၁၀